ကြေးမုံ The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ စနေနေ့၊ (22-12-2007) (၅၅၃၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မုံရွာမြို့နယ် စိမ်းလန်းစိုပြည်ရေး၊ သစ်တောသစ်ပင်များ ထိန်းသိမ်းစိုက်ပျိုးရေးလမ်းညွှန် မန္တလေးတောင် စိမ်းလန်းစိုပြည်ရေး၊ ဆည်တော်ကြီးရေသောက်စနစ် ပိုမိုချောမွေ့ထိရောက်မှုရှိရေး မှာကြား ရောဝတီတံတား(ရတနာပုံ)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဒီဇင်ဘာ　　၂၁

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ပြင်ဦးလွင်မြို့မှ စစ်ကိုင်းတိုင်း မုံရွာမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်အုန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာ ဖောဓိတစ်ထောင်ကျောင်းတိုက်အနီး တည်ထားသည့် ဉာဏ်တော်အမြင့် ၄၂၄ ပေရှိ ဖောဓိတစ်ထောင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရောဝတီ တံတား(ရတနာပုံ)ကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)**နှင့် ရောဝတီတံတား(ရတနာပုံ)ကို တွေ့ရစဉ်။** (ဝဲပုံ)　　(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၂-၁၂-၂၀၀၇
(စနေနေ့)

အရည်အသွေးမြင့်ဆေးဝါးများ စက်စွမ်းအားပြည့်ထုတ်လုပ် ပြည်သူများထံ မြန်မြန်ဆန်ဆန် ဖြန့်ဖြူး

နိုင်ငံတော်၏ လူမှုရေးအပိုင်းတွင် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့သည် အဓိကအရေးပါသည်ဖြစ်ရာ ကဏ္ဍအလိုက် အဆင့်မြင့်မား တိုးတက်စေရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှု ရှိစေရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် မြှင့်တင်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၌ ဒီဇင်ဘာလ ၁၉ ရက်နေ့ကဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်-

"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုနိုင်ရန် ခေတ်မီဆေးဝါးစက်ရုံများကို မိမိတို့တည်ဆောက် ထူထောင်လျက်ရှိကြောင်း၊ ဆေးဝါးစက်ရုံများက ထုတ်လုပ်သည့်ဆေးဝါးများ၊ အထူးသဖြင့် အိမ်သုံးဆေးဝါးများကို ပြည်သူများထံ မြန်မြန်ဆန်ဆန် ပျံ့ပျံ့နှံ့နှံ့ရောက်ရှိအောင် ဖြန့်ဖြူးရန်နှင့် ကန့်သတ်ချက်များကြောင့် ဆေးဝါးဖြန့်ဖြူးရောင်းချမှုအပိုင်း၌ အားနည်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို ပြုပြင်သွားရန် လိုအပ်ကြောင်း" မှာကြားသည်။

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)ကို ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်အနီးတွင် တည်ဆောက်ထားပြီး ဆေးပြားနှင့်ဆေးတောင့်များကို ၂၀၀၅ ခုနှစ် မတ်လမှ စတင်ထုတ်လုပ်ခဲ့သည်။ ယခုအခါ ထိုးဆေး၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်နှင့် သွေးကြောသွင်းဆေးရည်များကို ထုတ်လုပ်ပေးနေပြီဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(စစ်ကိုင်း)၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံ၊ အထူးဆေးဝါးထုတ်လုပ်ရေးစက်ရုံ အမှတ်(၁)နှင့် အမှတ်(၂)၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)တိုးချဲ့နှင့် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)တို့မှလည်း ဆေးဝါးများ ထုတ်လုပ်လျက်ရှိသည်။

ပြည်သူတစ်ရပ်လုံးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝပေးနိုင်စေရန် ခေတ်မီဆေးဝါးလုပ်ငန်းစက်ရုံများ၊ ဆေးရုံများ၊ ခေတ်မီဆေးကုသရေးပစ္စည်းကိရိယာများကို တည်ဆောက်ဖြည့်ဆည်းပေးနေသည်။ တစ်ချိန်တည်းတွင် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ခေတ်မီပစ္စည်းများ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်သည့် ပညာရှင်များကိုလည်း လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အပိုင်းက ဆေးဝါးလုပ်ငန်းစက်ရုံများကို တိုးချဲ့တည်ဆောက်ပေးမှုများနှင့်အတူ တာဝန်ရှိသူအသီးသီးတို့က ပြည်သူများ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်သည့် အရည်အသွေးမြင့်ဆေးဝါးများ စက်စွမ်းအားပြည့်ထုတ်လုပ်ပေးခြင်း၊ အထူးသဖြင့် အိမ်သုံးဆေးဝါးများ ပြည်သူများထံ မြန်မြန်ဆန်ဆန် ရောက်ရှိစေရန် ဖြန့်ဖြူးပေးခြင်းတို့ဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ပိုမိုအထောက်အကူပြုလာနိုင်မည် ဖြစ်ပါသည်။ ။

ရေနံချောင်းမြို့ အမှတ်(၁) အ-ထ-ကတွင် ဆရာတော်အရှင်ဆန္ဒာဓိက မတည်လှူဒါန်းဆောက်လုပ်သော ရွှေပါရမီကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့မှ ကိုဇော်ပိုင်နှင့် မမီမီနေမင်းဝင်းတို့က လှူဒါန်းငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဆောက်လုပ်ရေး ကော်မတီအတွင်းရေးမှူး ကပ္ပတိန် ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။
(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ် စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

သမထဝိပဿနာ တရားပွဲများ

ရန်ကုန် ဒီဇင်ဘာ ၂၁

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဒလအံ့ကြီးဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိက ဓဇ ဦးသန်းရွှေ (ဒလ-အံ့ကြီး)က ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာစုကာရီဓမ္မာရုံကြီးတွင် ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်ထိ ညနေ ၆ နာရီခွဲမှ ၈ နာရီထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော်ဆိပ်ကမ်း လုပ်သားများဓမ္မာရုံတွင် ဇန်နဝါရီ ၁ ရက်မှ ၇ ရက်ထိ ညနေ ၆ နာရီမှ ၇ နာရီခွဲထိလည်းကောင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းထောင့် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်ထိ ညနေ ၅ နာရီမှ ၆ နာရီခွဲထိ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

၁၃၃ လမ်း ဆွမ်းရေစက်ချတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်း တာမွေမြို့နယ် မအူကုန်းရပ်ကွက် ၁၃၃ လမ်းမိသားစုက ဝါတွင်းဝါပ အပတ်စဉ် ဗုဒ္ဓဟူးနေ့ သံဃာ့ဒါန ဆွမ်းလောင်းအသင်း၏ ဆွမ်းလောင်းခြင်း (၁၁) ကြိမ်မြောက် ဆွမ်းရေစက်ချတရားပွဲ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၉ ရက် (စနေနေ့)တွင် အဂ္ဂမဟာအကျော် ဒေါက်တာ အရှင်ဝိလာသာလင်္ကာရ၊ ဒီဇင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့)တွင် ပိဋကတ်တစ်ပုံခွဲဆောင် အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းကျောင်းတိုက်)၊ ဒီဇင်ဘာ ၃၁ ရက်(တနင်္လာနေ့)တွင်ဒေါက်တာအရှင်ကောဝိဒ (မန္ဓိုမဂုဏ်ရည်) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားမည်ဖြစ်သည်။

(က-ပ)

ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ ဇန်နဝါရီ(၁)ရက်တွင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၀၈ ခုနှစ် ဇန်နဝါရီ(၁)ရက် (အင်္ဂါနေ့)တွင် (၂၂၈)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် (၃၈၄) မဟာဗန္ဓုလလမ်း နှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ နံနက် ၈ နာရီမှစတင်၍ ညနေ ၄နာရီထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း(၅၀၀) ၁ ဆု၊ ငွေကျပ်သိန်း(၃၀၀) ၂ ဆု၊ ငွေကျပ်သိန်း(၂၀၀) ၄ ဆု၊ ငွေကျပ်သိန်း(၁၀၀) ၃၅ ဆု၊ ငွေကျပ်(၁၀)သိန်း ၅၄၄ ဆု၊ ငွေကျပ်(၅)သိန်း ၁၉ ဆု၊ ငွေကျပ်(၄)သိန်း ၂၃ ဆု၊ ငွေကျပ်(၂)သိန်း ၁၉၃ ဆု၊ ငွေကျပ်(၁)သိန်း ၁၅၃၀ ဆု၊ ငွေကျပ်(၈)သောင်း ၆၀ ဆု၊ ငွေကျပ်(၄)သောင်း ၁၀၁ ဆု၊ ငွေကျပ်(၂)သောင်း ၁၅၈၄၂ ဆု စုစုပေါင်း ၁၈၃၅၄ ဆုဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒီဇင်ဘာ ၁၇ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မရမ်းချောင်းကျေးရွာအုပ်စုနှင့် မင်းကုန်းစံပြကျေးရွာအုပ်စုတို့တွင် လှည်းကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ရန်ကုန်မြောက်ပိုင်းခရိုင်မှ ဦးစီးအရာရှိ ဦးပေါချိန်၊ ဦးသိန်းထွန်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် ကြပ်မတ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

တပ်မတော်(ရေ) တပ်ဖွဲ့ဝင်များ သွေးလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၁

နှစ်(၆၀)ပြည့် တပ်မတော်(ရေ)နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်(ရေ)တပ်ဖွဲ့ဝင် ၈၁ ဦးတို့သည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက် ကုသနေသော လူနာများ အသုံးပြုရန် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွံ့ဖြိုးသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံပညာရှင်များအား ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပခဲ့သော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "ဖွံ့ဖြိုးသာယာပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဓာတ်ပုံပြိုင်ပွဲတွင် ပထမ ဦးညွန့်ကြည်၊ ဒုတိယ စစ်ကိုင်း အောင်ကျော်တင် (တင်မောင်ဓာတ်ပုံ)၊ တတိယ အေကေမိုး(သတ္တဗေဒ)တို့က အသီးသီး ဆွတ်ခူးရရှိသွားကြသည်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုရ ဦးညွန့်ကြည်(ခ)ဦးစောအောင်မင်း (မန္တလေး)သည် ရောဝတီ တံတား(ရတနာပုံ)ကို ရိုက်ကူးယှဉ်ပြိုင်ပြီး ပထမဆုရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းပုံရိုက်ကူးရန်အတွက် မိတ်ဆွေတစ်ဦး၏ အကြံပေးမှုအရ

ပထမဆုရ ဦးညွန့်ကြည်(ခ) ဦးစောအောင်မင်း။

ဒုတိယဆုရ စစ်ကိုင်း အောင်ကျော်တင် (တင်မောင်ဓာတ်ပုံ)။

တတိယဆုရ အေကေမိုး (သတ္တဗေဒ)။

စစ်ကိုင်းဘက်ခြမ်းမှ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအနေဖြင့် မန္တလေးမြို့သည် ယခင်ကထက်များစွာ ဖွံ့ဖြိုးတိုးတက်လာသည်ကို ကိုယ်တတ်စွမ်းသည့်ဓာတ်ပုံပညာဖြင့် ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း၊ နောင်တွင်လည်း နိုင်ငံအေးချမ်းသာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဓာတ်ပုံပညာဖြင့် တတ်စွမ်းသမျှ ဆက်လက် ကြိုးပမ်းဖော်ထုတ်တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဦးညွန့်ကြည် (ခ) ဦးစောအောင်မင်းသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲ ဆုကြီး ၁၀၀ကျော် ရရှိထားသူဖြစ်ပြီး ဓာတ်ပုံပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူတစ်ဦးဖြစ်သည်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် **"ဖွံ့ဖြိုးသာယာပြည်မြန်မာ"** ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရ စစ်ကိုင်းအောင်ကျော်တင် (တင်မောင်ဓာတ်ပုံ) သည်လည်း ရောဝတီတံတား(ရတနာပုံ)ကို စစ်ကိုင်းဘက်ကမ်းမှပင် ရိုက်ကူးယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံကို ရိုက်ကူးရာတွင် စစ်ကိုင်းဘက်ကမ်းရှိ ၎င်းသွားလာနေကျ နေရာတစ်နေရာဖြစ်သော စိန်ပန်းကိုအမှီပြု၍ တံတားကြီးကို ပေါ်လွင်လှပအောင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရောဝတီတံတား(ရတနာပုံ)ကို တည်ဆောက်ပေးမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ယခင်ကထက် ပိုမိုမြန်ဆန် တိုးတက်လာသည့်အတွက် ဒေသခံများနှင့် ခရီးသွားပြည်သူများ လွန်စွာစိတ်ချမ်းမြေ့လျက်ရှိကြောင်း၊ ၎င်းသည် မန္တလေးဓာတ်ပုံအသင်း၏ ဆောင်ပုဒ်ဖြစ်သော **"ဓာတ်ပုံပညာဖြင့် မြန်မာကိုကမ္ဘာကသိစေအံ့"** ဆိုသည့်အတိုင်း အခါအခွင့်သင့်တိုင်း ကြိုးစားလုပ်ဆောင်သွားဖို့ ရည်ရွယ်ချက်ရှိကြောင်း ကြေးမုံသို့ ပြောကြားသွားသည်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ တတိယဆုရ အေကေမိုး (သတ္တဗေဒ) သည် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်ကို ဗဟိုပြု၍ ရိုက်ကူးတင်ပြ ပြိုင်ပွဲဝင်ခဲ့ရာ၌ တတိယဆုရရှိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ၎င်းသည် ဝါသနာရှင်တစ်ဦးဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုပေါင်း ၉၀ကျော် ရရှိခဲ့သူဖြစ်သည်။ ဆက်လက်၍လည်း မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုများကို ဓာတ်ပုံပညာဖြင့် ဖော်ပြသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ သဘာဝ အလှအပများနှင့် ယဉ်ကျေးမှု အနုပညာတို့ကို ဓာတ်ပုံပညာဖြင့် ဖော်ထုတ်၍ နိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆတက်ထမ်းပိုးတိုးပြီး ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ (ကြေးမုံ)

သတင်း၊ ဓာတ်ပုံ
ဌေးအောင်(ကြေးမုံ)

ပထမဆုရ ဦးညွန့်ကြည်(ခ) ဦးစောအောင်မင်း၏ ဓာတ်ပုံ။

ဒုတိယဆုရ စစ်ကိုင်းအောင်ကျော်တင်၏ ဓာတ်ပုံ။

တတိယဆုရ အေကေမိုး(သတ္တဗေဒ)၏လက်ရာ ဓာတ်ပုံ။

ဆောင်းချမ်းမြမြစာဆိုလ

* ငွေနှင်းမှုန်ပျ၊ ပုလဲလှတို့
မြမြရွှန်းရွှန်း၊ ဆောင်းကိုညွှန်း၍
တင့်လွန်းနဂို၊ အကဲဆိုသည်
မလို၏သို့၊ လို၏သို့...

* တောရိပ်တောင်ရိပ်၊ ကောင်းနိမိတ်ဖြင့်
တိတ်ဆိတ်အိပ်စက်၊ မြူခိုးခက်ဖြာ
လေအညာတွင်၊ သွေ့ခွာလွမ်းရိပ်
ခပ်မဆိတ်နှင့်၊ စိုးထိတ်ရင်ဖို
အတွေးပိုသည်၊ မချို၏သို့ ချို၏သို့။

* အရာရာတွင်၊ အသွင်ဆန်းစွ
သဘာဝတို့၊ လှပမှုန်းခြယ်
ပရိယာယ်နှင့် စံပယ်ခွာညို
နှစ်လိုရနံ့၊ ထုံသင်းပျံ့၍
တောနံ့တစ်ခွင်၊ ထက်ဝန်းကျင်ကို
ညှို့ငင်သလို၊ မြတ်စာဆိုတွက်
မပို၏သို့ ပို၏သို့။

* မြစ်မင်းဧရာ၊ ရေဇလာလည်း
သေလာတောတောင်၊ ရှိမြောင်ပတ်လည်
စီးဆင်းသည်နှင့်၊ တလီဖွဲ့ခွေ၊ တန့်မနေသည့်
စမ်းရေကြည်လည်း၊ ဝေးသီခေါင်ဖျား
စီးဆင်းသွားသံ၊ မညံ့ညှင်းသွဲ့
ခပ်ယွဲ့ယွဲ့ဖြင့်၊ လုပ်လှဲ့လုပ်လီ
သီကရီတွင်၊ စာစီထုတ်ဖော်
လနတ်တော်၏၊ အဖော်တစ်ခက်
ဆန်းတစ်ရက်အား၊ လှမ်းဆက်ဖော်ညွှန်း
မော်ကွန်းထိုးနေတကား။ ။

မောင်ရည်တင့် (မအူပင်)

သက်ကြီးဆရာများ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ကျင်းပရန် စီစဉ်လျက်ရှိရာ မြင်းမူမြို့နယ် ကျောင်းသားဟောင်းများက အဖွဲ့ဝင် ၃၂ဦးပါဝင်သော ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်း၍ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြင်းမူအထကတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အဝေးရောက် ဆရာ၊ ဆရာမကြီးများနှင့် အလှူငွေထည့်ဝင်လိုသော အဝေးရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းညွန့် ဖုန်း-၀၇၁-၄၃၀၁၁၊ ဦးကျော်မြင့်(မျိုးကျော်သူသစ်စက်) ဖုန်း-၀၇၁-၄၁၁၄၄၊ ဦးလှိုင်ကျော်ဦး(ထွန်းပွဲရုံ) ဖုန်း-၀၇၁-၄၂၅၁၁၊ ဦးဖေသက်ကို(ရွှေရတနာဆိုင်) ဖုန်း-၀၇၁-၄၁၆၀၀၊ ၄၂၆၁၁၊ ဦးကျော်အေး (KKK အုတ်လုပ်ငန်းနှင့် ပေါင်းသကြားစက်) ဖုန်း-၀၂-၃၄၃၃၈၊ ၅၃၄၃၁၊ ဦးဝင်းအောင် (ပြည့်ဝစားသောက်ဆိုင်၊ သမိုင်းလမ်းဆုံ ရန်ကုန်) ဖုန်း-၀၉-၅၁၄ ၈၃၂၀တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၇ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (က-ပ)

ထူးခြားသည့် ညအပူချိန်များ

(၂၁-၁၂-၂၀၀၇)

ဟားခါး
၃ ဒီဂရီ စင်တီဂရိတ်

ပူတာအို
၅ ဒီဂရီ စင်တီဂရိတ်

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

အီရန် နျူကလီးယားဓာတ်အားပေးစက်ရုံအတွက် ရုရှားမှပထမဆုံးအကြိမ် ပေးပို့သည့်လောင်စာများ ရောက်ရှိ

တီဟီရန် ဒီဇင်ဘာ ၂၀

ရုရှားနိုင်ငံက အီရန်နိုင်ငံ ဘာရှီယာ နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် ပထမဆုံးအသုတ်အဖြစ် ပေးပို့လိုက်သည့် နျူကလီးယား လောင်စာသည် အီရန်နိုင်ငံသို့ ရောက်ရှိပြီဟု အီရန် နျူကလီးယားဆိုင်ရာ အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်က တနင်္လာနေ့က ပြောကြားကြောင်း အိုင်အာရ်အင်အေ သတင်းဌာနက ဖော်ပြသည်။

နျူကလီးယားလောင်စာကိုသတ်မှတ်ထားသည့်အချိန်ဇယားအတိုင်း လွှဲပြောင်းပေးသွားမည်ဟု အီရန် အဏုမြူစွမ်းအင်အဖွဲ့အကြီးအကဲဖြစ်သူ ဂိုလမ်ရီဇာအက်ဟာဇာဒေးကိုကိုးကား၍အိုင်အာရ်အင်အေ သတင်းဌာနက ဖော်ပြသည်။

ဘာရှီယာနျူကလီးယားစက်ရုံ တည်ဆောက်မှုသည် ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး လာမည့်နှစ်တွင် စတင် လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ကနဦး လည်ပတ်မှုကာလအတွင်း နျူကလီးယားလောင်စာ တန်ချိန် ၈၀ လိုအပ်မည်ဖြစ်ကြောင်း သတင်းဌာနက ထပ်လောင်းဖော်ပြသည်။

ဖြည့်ဆည်းပေး

ရုရှားမှ နျူကလီးယားလောင်စာကို ဘာရှီယာလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ပေးပို့မှုသည် အီရန်က ယူရေနီယံ သန့်စင်ရန်မလိုတော့ဟူသည့်အဓိပ္ပာယ်ဖြစ်သည်ဟု ယူဆထားမှုကို အက်ဟာဇာဒေးက ပယ်ချလိုက်သည်။ မိမိတို့အနေဖြင့် မဂ္ဂါဝပ် ၃၆၀ ရှိ နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်လျက်ရှိရာ ယင်းစက်ရုံကလောင်စာလိုအပ်မှုရှိကြောင်း၊ ယင်းစက်ရုံ၏လောင်စာကို ယူရေနီယံ သန့်စင်မှုစက်ရုံက ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာကမ်းမြောင်တွင် အစ္စရေးတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းစစ်သွေးကြွ ၁၂ ဦး သေဆုံး

ဂါဇာ ဒီဇင်ဘာ ၂၀

ဂါဇာကမ်းမြောင်ဒေသ၌ ဒီဇင်ဘာ ၁၈ ရက်တွင် အစ္စရေးတပ်ဖွဲ့က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာ ပါလက်စတိုင်းစစ်သွေးကြွ ၁၂ ဦးထက်မနည်း သေဆုံးခဲ့သည်။

ဟားမတ်စ်ထိန်းချုပ်ထားသည့် နယ်မြေမှ ယခုလအတွင်းက ဒုံးကျည်များဖြင့် ကြိမ်ဖန်များစွာ တိုက်ခိုက်မှုကြောင့် အစ္စရေးအများအပြား သေဆုံးရသည့်အတွက် တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်သည်။

အစ္စလာမ် ဂျီဟတ်အုပ်စုသည် အစ္စရေးတောင်ပိုင်းရပ်ကွက်တွင် နေထိုင်သူများကို ဒုံးကျည်များဖြင့်ပစ်ခတ်ရာ ဂါဇာမြောက်ပိုင်းရှိ ဂျာဘယ်ရာဒုက္ခသည်စခန်းမှ လေးဦးသေဆုံးရသည်။ ၁၁ လအတွင်း အစ္စရေးကို အသေခံဗုံးဖြင့် တိုက်ခိုက်မှုမရှိပေ။ ပါလက်စတိုင်းသမ္မတနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ယာယီဆိုင်းငံ့ထားသည်ကိုပြန်လည်စတင်နိုင်ရန် လမ်းခင်းပေးလျက်ရှိသော်လည်း အခြားတစ်ဖက်မှာမူ တိုက်ခိုက်နေလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာပေါ်တွင်ပထမဆုံး သင်္ဘောသွားဥမင်လိုဏ်ခေါင်း နော်ဝေးက ဖောက်လုပ်ရန်စီစဉ်နေ

အော့စလို ဒီဇင်ဘာ ၂၀

နော်ဝေးနိုင်ငံက ကမ္ဘာပေါ်တွင် ပထမဆုံးသော သင်္ဘောသွားဥမင်လိုဏ်ခေါင်းတစ်ခု ဖောက်လုပ်ရန် အစီအစဉ်များ ရေးဆွဲနေပြီဖြစ်သည်။ ယင်းအစီအစဉ်ကြောင့် အန္တရာယ်ရှိသည့် ကမ်းခြေဒေသများမှတစ်ဆင့် ဖြတ်သန်းနေရသည့် သင်္ဘောခရီးစဉ်များ အချိန်နှင့်ငွေ ကုန်ရသည့်အဖြစ်မှ သက်သာစေနိုင်မည့်အပြင် အန္တရာယ်လည်း လျော့ပါးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နော်ဝေးအနောက်တောင်ကမ်းခြေရှိ စတက်ဒေသတွင် လေပြင်းတိုက်ခတ်ပြီး လှိုင်းလေပြင်းထန်ကာ အားကောင်းသော ရေစီးကြောင်းများကြောင့် သင်္ဘောများမှာ တည်ငြိမ်သည့် ရာသီဥတုအခြေအနေများကို အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသဖြင့် နှောင့်နှေးမှုများ ပေါ်ပေါက်ခဲ့သည်။

နော်ဝေးကမ်းခြေဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က မီတာ ၁၇၀၀(၅၅၇၇ပေ) အရှည်ရှိ ဥမင်လိုဏ်ခေါင်း ဖောက်လုပ်ရန် ထောက်ခံထားသည်။ ယင်းလိုဏ်ခေါင်းဖောက်လုပ်ငန်း အမေရိကန်ဒေါ်လာ သန်း ၃၁၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းရပြီး ငါးနှစ်ကြာ တည်ဆောက်ရမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး ဆောင်ရွက်လျက်ရှိသည်ကို ဒီဇင်ဘာ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေယာဉ်ဗုံးဖောက်ခွဲမည့်ကိစ္စ မသင်္ကာသူ ပါကစ္စတန်အကျဉ်းထောင်မှ လွတ်မြောက်

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၀

အမေရိကန်ပြည်ထောင်စုသို့ ဦးတည်ပျံသန်းသည့် လေယာဉ်တစ်စင်းကို ဖောက်ခွဲပစ်မည့် အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စု၏ စီမံချက်တွင် ပါဝင်ပတ်သက်မှုရှိသည်ဟု ယူဆရသူ ပါကစ္စတန်လူမျိုး ဗြိတိသျှနိုင်ငံသားတစ်ဦးသည် ပါကစ္စတန်မြို့တော် အစ္စလမ္မာဘတ်ရှိ အကျဉ်းထောင်မှ စနေနေ့က လွတ်မြောက်လာပြီဖြစ်ကြောင်း အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

၎င်းအကျဉ်းသားသည် ရာရှစ်ရော့ဖ် ဖြစ်ပြီး ၎င်းအား ပြစ်မှုကျူးလွန်ရာနိုင်ငံသို့ ပြန်ပို့ရန်အတွက် ရဲများက စောင့်ကြပ်လျက်ရှိသည်။

၎င်းသည် ပါကစ္စတန်နိုင်ငံတွင် ၂၀၀၆ ခုနှစ် ဩဂုတ်လက အဖမ်းခံခဲ့ရသည်။ ၎င်းသည် လန်ဒန်မှ အမေရိကန်ပြည်ထောင်စုသို့ပျံသန်းလာသည့် လေယာဉ်များကို ဖောက်ခွဲပစ်မည့်အစီအစဉ်တွင် အရေးပါသည့်လူဖြစ်သည်ဟု ပါကစ္စတန်တာဝန်ရှိပုဂ္ဂိုလ်များက သတ်မှတ်ထားသည်။

သို့ရာတွင် ၎င်း၏အမှုကို အထောက်အထားမရှိဟုဆိုကာ အကြမ်းဖက်မှုစွဲချက်တင်ထားမှုကို ပယ်ချခဲ့ပြီး ဖောက်ခွဲရေးပစ္စည်းများ ပိုင်ဆိုင်သည့်စွဲချက်သို့သာ ပြောင်းလဲပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အနောက်ဘက်တီရန်ဒေသမာလီပိုကမ်းခြေတွင် ယိုဖိတ်နေသည့်ရေနံများအား ရှင်းလင်းဖယ်ရှားနေသည်ကို ဒီဇင်ဘာ ၂၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သီရိလင်္ကာအရှေ့ပိုင်းတွင် ရေလွှမ်းမိုး လူ ၂၀၀၀၀ ခန့် ရွှေ့ပြောင်းရ

ကိုလံဘို ဒီဇင်ဘာ ၂၀

ဘင်္ဂလား ပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခုပေါ်ပေါက်ခဲ့ပြီး မုတ်သုံမိုး ရွာသွန်းခဲ့သဖြင့် ရေလျှံမှုဖြစ်ပွားကာ သီရိလင်္ကာနိုင်ငံအရှေ့ပိုင်းဒေသရှိ လူ ၂၀၀၀၀ တို့သည် နေထိုင်ရာ အိမ်များမှ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ တောင်ပိုင်းဒေသတွင် မုတ်သုံမိုးသည် မေလနှင့် စက်တင်ဘာလအတွင်းနှင့် အရှေ့မြောက်ပိုင်းဒေသတွင် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ သည်းထန်စွာရွာသွန်းလေ့ရှိသဖြင့် ရေလျှံမှုဖြစ်ပွားကာ ဒေသခံများ မကြာခဏ ရွှေ့ပြောင်းခဲ့ကြရသည်။

သီရိလင်္ကာအရှေ့ပိုင်းရှိ အမ်ပါရာခရိုင်သည် စိုက်ပျိုးရေး ထွန်းကားသည့်ဒေသဖြစ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်ဒဏ်ကို ခံခဲ့ရပြီး အနီးအပါးရှိ ဘက်တီကာလိုအာဒေသသည် မိုးဒဏ် ခံခဲ့ရသည်။

ရွှေ့ပြောင်းခဲ့ရ

ပြီးခဲ့သည့် ဖြစ်ရပ်အတွင်း ၂၂၆၁၂ ဦး ရွှေ့ပြောင်းခဲ့ရသည်ဟု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနအောက်ရှိ အရေးပေါ်လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ရမ်ယာဆီရီ ဝမ်ဆာက ပြောကြားသည်။

ရေဘေးဒုက္ခသည်များသည် အရေးပေါ်စခန်းများတွင် မနေကြဘဲ ဆွေမျိုးသားချင်းမိတ်သင်္ဂဟများ၏ အိမ်များတွင် နေထိုင်ကြသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ရေလျှံမှုကြောင့် စပါးဧက ၄၀၀ ခန့် ပျက်စီးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အီတလီတွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ကိုတိုနီယူ ဒီဇင်ဘာ ၂၀

အီတလီနိုင်ငံ ဘီနင်မြို့ရှိ ကြက်ဘဲများတွင် H5N1 ကြက်ငှက် တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် လူနှစ်ဦး သေဆုံးကြောင်း အနောက်အာဖရိကပြည်နယ် စိုက်ပျိုးရေးဝန်ကြီးက ပြောကြားသည်။

ယခုလစောစောပိုင်းက ပေါ်တိုနိုဗိုမြို့နှင့် ကိုတိုနီယူမြို့ရှိ စီးပွားဖြစ်မွေးမြူရေးခြံများတွင် H5N1ဗိုင်းရပ်စ်ပိုး ရှာဖွေတွေ့ရှိကြောင်း အီတလီနိုင်ငံရှိ ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးချက်အရ အတည်ပြုပြောကြားသည်။

အစိုးရက ဒီဇင်ဘာ ၇ ရက်တွင် ကြက်ငှက်တုပ်ကွေး ဖြစ်ပွားမှု သံသယရှိကြောင်း ပထမဆုံးပြောကြားခဲ့သည်။ ၎င်းဒေသနှစ်ခုတွင် ငါးကီလိုမီတာပတ်လည်၌ ငှက်ရာပေါင်းများစွာသေဆုံးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနတာဝန်ရှိသူက ပြောကြားသည်။ အဆိုပါ ရောဂါဖြစ်ပွားရာဒေသရှိ မွေးမြူရေးခြံများကို ပိုးသတ်ဆေးပက်ဖျန်းခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကနေဒါနိုင်ငံ ကိုဘက်မြို့တွင် နှင်းမုန်တိုင်းကျရောက်နေသည်ကို ဒီဇင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကွန်ကရစ်ပိုက်စက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်း ရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးညီညီနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သုခလမ်းရှိ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ကွန်ကရစ်ပိုက်ထုတ်လုပ်ရေး စက်ရုံသို့ သွားရောက်ပြီး ထုတ်လုပ်မှုလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေး သည်။

ရှင်းလင်းပြသ

မြို့တော်ဝန်သည် နံနက် ၇ နာရီတွင် ကွန်ကရစ်ပိုက် ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိလာရာ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ စက်ရုံမှူး ဦးခင်မောင်ဖူးနှင့် တာဝန်ရှိသူတို့က ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်များ ထုတ်လုပ်ရာတွင် အသုံးပြုမည့် ကျောက်များ ကြိတ်ခွဲရန် ကျောက်ခွဲစက်သစ် ထပ်မံတည်ဆောက်ပြီးစီးမှု၊ ကွန်ကရစ်ဖျော်စက်၊ ပိုက်ကြမ်းပုံသွန်းစက်၊ ပိုက်ကြမ်းပြုလုပ်ရန် သံမဏိဆွဲခြင်းနှင့် ပိုက်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်များ၊ အချင်း ၁၆ လက်မ၊ ၂၄ လက်မနှင့် ၃၆ လက်မရှိ ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်များ ထုတ်လုပ်ဆောင်ရွက်နေမှုနှင့် အချင်း လက်မ ၆၀ နှင့် ၆၆ လက်မရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များ ထပ်မံထုတ်လုပ်မည့် လုပ်ငန်းအခြေအနေများကို လိုက်လံရှင်းလင်း ပြသကြသည်။

မြို့တော်ဝန်က စက်ယန္တရားများ အစဉ်ကြံ့ခိုင်မှု ရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ကြရန်၊ ရန်ကုန်မြို့ ရေပေးဝေရေးလုပ်ငန်းများတွင် လိုအပ်သည့် ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်များကို ဟန်ချက်ညီညီ ထုတ်လုပ်သွားကြရန်၊ လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကိုလည်း ကြိုတင်တွက်ဆစုဆောင်းထားရှိကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်သည် ပိုက်ထုတ်လုပ်ရေးစက်ရုံဝင်းအတွင်း ပိုက်ထုတ်လုပ်ရာတွင် အသုံးပြုဆောင်ရွက်မည့် ကျောက်များစုဆောင်းထားရှိမှု၊ အချင်း ၂၄ လက်မရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များ ထုတ်လုပ်ထိန်းသိမ်းထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ (၁၉)



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကွန်ကရစ်ပိုက်စက်ရုံတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(၁၉)

First Myanmar Investment Co.,Ltd. (FMI) ၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

First Myanmar Investment Co., Ltd. (FMI) **၏(၁၅)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၁၈ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ သဘာပတိ** FMI Co., Ltd. **အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းမောင် (ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး** FMI Co.,Ltd. ဥက္ကဋ္ဌ Managing Agent **ဦးသိမ်းဝေက နှုတ်ခွန်းဆက်စကားပြောကြား၍** FMI Co., Ltd. **၏ လုပ်ငန်းအခြေအနေများကို** Projector **ဖြင့် ရှင်းလင်းတင်ပြသည်။**

ထို့နောက် အစည်းအဝေးတွင် တင်ပြသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစုရှယ်ယာရှင်များနှင့် ဧည့်သည်များ၏ မေးမြန်းဆွေးနွေး အကြံပြုချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ၂၀၀၆-၂၀၀၇ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည် အစီရင်ခံစာကို အတည်ပြုနိုင်ရန် တင်ပြခြင်း၊ ၂၀၀၇-၂၀၀၈ခုနှစ်အမှုဆောင် ဒါရိုက်တာများအား ရွေးချယ်တင်မြှောက်ခြင်းနှင့် ၂၀၀၇-၂၀၀၈ခုနှစ် အတွက် စာရင်းစစ်ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး သဘာပတိက နိဂုံးချုပ် ကျေးဇူးတင်စကားပြောကြားသည်။

First Myanmar Investment Co., Ltd. (FMI) သည် ရန်ကုန်မြို့တွင် အခြေပြုသည့် အများပိုင်ကုမ္ပဏီ တစ်ခုဖြစ်၍ စီးပွားရေးအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး ဘဏ္ဍာရေး ဝန်ဆောင်မှု၊ ဘဏ်လုပ်ငန်းဆိုင်ရာ ကဏ္ဍ၊ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍ၊ မော်တော်ယာဉ်နှင့် စက်မှုလုပ်ငန်းကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍ တို့တွင်လည်း ဖြန့်ကြက် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

နှုတ်ခွန်းဆက်စကား ပြောကြား

First Myanmar Investment Co., Ltd. ၏ **(၁၅)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင်** FMI Co., Ltd. **ဥက္ကဋ္ဌ** Managing Agent **ဦးသိမ်းဝေ နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**

(သတင်းစဉ်)

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ် မရှိတော့သဖြင့် မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့မှ ပါတီဝင် ၁၁၇ ဦးနုတ်ထွက်

နေပြည်တော် ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးအုန်းသိန်း၊ ကပ်ခိုကျေးရွာနေ ဦးခင်ရွှေ၊ မိသလင်ကုန်းကျေးရွာနေ ဦးသိန်းနိုင်၊ မမွေးကျွန်းကျေးရွာနေ ဦးကျော်မိုးလွင်၊ ဒလင်းလှဲဆိပ်ကျေးရွာနေ ဦးတင်နွဲ့တို့အပါအဝင် ပါတီဝင် ၁၆ဦးသည် ဩဂုတ် ၂၄ရက်တွင်လည်းကောင်း၊ လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော အလည်ရေကျော်ကျေးရွာအုပ်စုနေ ဦးစိန်ထွန်း၊ လပွတ္တာလုပ်တောင်ကျေးရွာအုပ်စုနေ ဒေါ်နုကြည်၊ ထင်းပုံကွင်းကျေးရွာနေ ဦးလှအေး၊ ဘိုးပြည့်ကျေးရွာနေ ဦးမြင့်ဆွေ၊ မြစ်ပေါက်ကျေးရွာနေ ဦးထွန်းရင်၊ ကညင်ကုန်းကျေးရွာနေ ဦးသက်လွင်၊ ကျွန်းချောင်းကျေးရွာနေ ဒေါ်ကြည်ဝင်းတို့ အပါအဝင် ပါတီဝင် ၁၀၁ ဦးတို့သည် ဩဂုတ် ၂၇ ရက်တွင်လည်းကောင်း ၎င်းတို့ဆန္ဒအလျောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့အနေဖြင့် NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၂-၂၀၀၇ (စနေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်"တရားတော် (ကုမာရကဿပမယ်တော်အကြောင်းဥပမာပြ) (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၇:၅၀-၁:၅၀	တေးဂီတအစီအစဉ်
၇:၅၅-၁:၅၅	လောကကိုအလှဆင်မည့် ပန်းများရဲ့ဥယျာဉ်
၈:၁၀-၂:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၀-၂:၄၀	မလျှော့သောဇွဲ၊လုံ့လတို့ဖြင့်ကြိုးစားလျက်ရှိသော မသန်စွမ်းသူများ
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅-၃:၂၅	နေထိုင်မှုဝင့်ကြွားအဆင့်မြင့်အိမ်ရာစီမံကိန်းများ (Sakura Residence)
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	ဗိတာမင်ဘီဝမ်းနှင့် ပေါင်းဆန် (ပါမောက္ခဒေါက်တာချစ်စိုး၊ဒေါက်တာလှကြည်)
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	စွမ်းရည်မြင့်မားလယ်ယာ(၁၆)လက်တွန်းထွန်စက်တာယာများ
၁၁:၄၀-၅:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅-၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀-၅:၅၀	Hotel Guide (Kan Daw Gyi Palace Hotel)
၁၂:၂၅-၆:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀-၆:၃၀	ကျောက်ဆစ်ထွင်းထုပုံဖော်ပြုအနုမြတ်ပညာ
၁၂:၄၀-၆:၄၀	ထိမ်းမြားလက်ထပ်ပြီးစီးခြင်း
၁၂:၅၅-၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Arsenal-Tottenham	ESPN(Live)
၉:၂၅	Liverpool-Portsmouth	ESPN(Live)
	Aston Villa-Man City	Star Sports (Live)
၁၁:၃၀	Fulham-Wigan	Star Sports(SDD)
၁၂:၀၀	Middlebrough-West Ham	ESPN(SDD)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Roma-Sampdoria	5-Cartoons(Live)

အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း တောင်ဥက္ကလာပ၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၆ ရက်က သစ္စာချမ်းမြေ့ခန်းမတွင် ကျင်းပရာ ၂၀၀၆ ခုနှစ် တတိယအကြိမ် ပညာရေးအထောက်အကူပြု ကွန်ပျူတာ ပရောဂျက်ပြိုင်ပွဲ အခြေခံပညာ အလယ်တန်းအဆင့်တွင် နိုင်ငံတော်ဆု ပထမရရှိသော မောင်သိန်းထွန်းဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီ ထူးချွန်ဆုချီးမြှင့်စဉ်။

(ပညာရေး)

ဇီဝမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အမျိုးသားရေးနှင့် အမျိုးသားစာပေ

မောင်ဆုရှင်

အမျိုးသားစာပေဆုများကို မြန်မာ့စာဆိုရာသီတွင် ကြေညာပြီးသည့်နောက် ဆုဆွတ်ခူးနိုင်သူတို့ ဖြေကြားပြောဆိုသော စကားကို ဖတ်ရ ကြားရသည်။ စာအုပ်ဆုတွင် ပုဂ္ဂိုလ်ကိုးဦး ဆုရသဖြင့် တစ်နှစ်တာ ထွက်ခဲ့သော စာအုပ်များကိုကြည့်၍ နှစ်စဉ်များများ ဆွတ်ခူးနိုင်ကြပါစေဟု ဆန္ဒပြုမိသည်ချည်းပင်။ သို့သော် ဘာသာရပ်သတ်မှတ်ချက်၊ နှိုင်းယှဉ်ရွေးချယ်ရသော ဝန်တာတို့ရှိသဖြင့် ရွေးချယ်ရသူတို့ဘက်က ကြည့်၍လည်း ဖြေသာရသည်။

အမျိုးသားစာပေဆုများ၏ အနှစ်သာရသည် လွတ်လပ်ရေးရချိန်မှ စခဲ့သည်ဟု ဆိုချင်သည်။ နိုင်ငံအသိုင်းအဝိုင်းမှ ဦးဆောင်ဦးရွက်ပြုခြင်းဖြစ်၍ စာပေဗိမာန်ဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆု၊ အမျိုးသားစာပေဆုဟူသော ဆုသုံးမျိုးတို့သည် အန်းစပ်ထားသော အထည်ဖျင်ချောကဲ့သို့ ဆက်စပ်ပြီးသားဖြစ်လျက်ရှိသည်။

ထိုခရီးသည် ယခုနှစ် စာဆိုတော်ရာသီတွင် ချီးမြှင့်မည့် ၂၀၀၆ ခုနှစ်ထုတ် စာအုပ်များအတွက် စာပေဆုများနှင့်ဆိုလျှင် နှစ်ပေါင်း ၅၈နှစ်မျှရှိချေပြီ။ မြန်မာအမျိုးသားတစ်ဦး၏ ပျမ်းမျှသက်တမ်းနီးပါးပင်ဖြစ်သည်။ ယခုခေတ် အမျိုးသားစာပေတို့၌ လွန်ခဲ့သည့်နှစ်ပေါင်း၁၀၀၀နီးပါးက မြန်မာပေစာ၊ ကျောက်စာ၊ မင်စာတို့၏ အကြောင်းအရာများလည်း ခြုံငုံသက်ဝင်နေသည်။ ခေတ်ပြိုင်အတွေးအခေါ်၊ လူနေမှုစရိုက်တို့ကိုလည်း နှောင်းလူတို့က ဆက်လက်ဖြည့်စွက်၍ မော်ကွန်းထိုးနေကြသည်။

ဤနည်းဖြင့် မပျောက်ပျက်၊ မယိမ်းယိုင်သင့်သော အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီးကို အမွေခံလျက် စာပေနည်းဖြင့် တည်ထောင်ခဲ့ကြသည်။ **“မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်မည်”**ဟူသော ခေတ်သစ်မြန်မာစာပေအစ၏ အားမာန်ကို စာပေထဲ၌ ကြည့်တတ်လျှင် မြင်ဖို့ရှိပါသည်။ ကြည့်တတ်မြင်တတ်သူတို့အဖို့ နိုင်ငံတည်ဆောက်ရေး၌ အားတက်ဖွယ်အကြောင်းလည်း ဖြစ်ရပေမည်။

အကြောင်းမှာ မြန်မာစာပေသည် အခြားစာပေဘာသာရပ်များနည်းတူ အမျိုးသားရေးဖြင့် စခဲ့သောကြောင့်ဖြစ်သည်။ ထို့ကြောင့် စာပေသည် ခေတ်အဆက်ဆက်၏ အမျိုးသားရေးကြေးမုံပြင်ကြီးပမာဖြစ်လေသည်။

အမျိုးသားရေးဟူသည်မှာ နိုင်ငံနယ်နိမိတ်အတွင်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ အတွေးအခေါ် အနေအထိုင်ချင်း နီးစပ်ပြီး ကံကြမ္မာတူ လူ့အဖွဲ့အစည်းကြီးတစ်ခု၏ အရေးပင်ဖြစ်သည်ဟု နားလည်ရပါသည်။ ထိုအကြောင်းကို ပြန်ကောက်လျှင် မြန်မာ့လူ့အဖွဲ့အစည်း ဖြစ်ထွန်းချိန်မှစ၍ စာပေနှင့်ယှဉ်သော အမျိုးသားရေးလမ်းကြောင်းကြီး ပေါ်စေရန်အတွက် နှစ်ကာလများအစား ခေတ်ကာလများစဉ်ဆက်ပြောင်းလဲပုံကို မြင်ယောင်ကြည့်လျှင်ပင် စာပေ၌ မပျက်သော အစဉ်အလာကို အလွယ်တွေ့နိုင်သည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တို့၌ မြန်မာစာ၊ မြန်မာမှုတို့ကို ပြုခဲ့ကြရာ၌ အလိမ္မာကိစ္စ၊ အတွေးအခေါ်ကိစ္စ၊ တည်ဆောက်မှုကိစ္စ၊ စည်းရုံးမှုကိစ္စ၊ စာနာမှုကိစ္စတို့ကို ပေထက်တွင်ခြစ်၊ ကျောက်ထက်တွင်ထွင်း၊ စာရွက်ပေါ်တွင်ပုံနှိပ်ဟူ၍ စကားပြေ၊ ကဗျာဟူသော ဗန္ဓအဖွဲ့များကို ကြွယ်ဝစွာ ပြုစုခဲ့ကြသည်။ ထိုစာပေတို့ကို လေ့လာ၊ မှီငြမ်း၊ မှတ်သား၍ ကိုယ်စီဘဝကို ထူထောင်ခဲ့ကြ၏။ မြန်မာ့လူ့အဖွဲ့အစည်းသည်လည်း ထိုနည်းဖြင့် ဖွံ့ဖြိုးလာခဲ့၏။

ထို့ကြောင့် မြန်မာစာပေ၏ ကိစ္စသည် အမျိုးသားရေး၌ ဧကန်ဒိဋ္ဌ တိုက်ရိုက်ထပ်ဟပ်ရမည့်ကိစ္စ ဖြစ်ပေသည်။

စာပေဗိမာန်ဆုမှစ၍ အမျိုးသားရေးရှုထောင့်မှ စတင်ချီးမြှင့်ခဲ့သော စာအုပ်စာပေလက်ရာ အများစုတို့ကို ကြည့်လျှင် ထိုအဆိုကို သက်သေခံသော လက်ရာ တို့ကို တွေ့ရပါလိမ့်မည်။ လက်ရာရှင်တို့ကား သက်ရှိ ထင်ရှားရှိကောင်းမှ ရှိနိုင်တော့မည်။ သို့သော် သူတို့ လက်ရာများက ထင်ရှားကျန်ရစ်သည်။ စာကြည့်တိုက် စာအုပ်စင်များပေါ်၌ အစီအရီရှိနေကြသည်။ ဆွဲယူလှန် လှော ဖတ်ရှုလေ့လာဖို့ရန်အတွက် စာပေ၌ ညွှတ်နူးသူ တို့အား “ဟေ့၊ လာလှည့်ကွန်”ဟု ဖိတ်ခေါ်နေသယောင်ဖြစ်သည်။

အမျိုးသားစာပေဆုရ စာအုပ်များကို ရေတွက်ခန့်မှန်းရမည်ဆိုလျှင် ၁၉၈၈ ခုနှစ်၏ သည်ဘက်ပိုင်း၌ ဆုပေါင်း ၁၉၀ ခန့်ရှိပြီဖြစ်၍ စာပေဗိမာန်စာမူဆုရရှိပြီးနောက် စာအုပ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်မှ အချိန်မှန်ဖြန့်ချိသော ဆုရစာမူပေါင်းမှာ ၄၀၀ ကျော် ရှိလိမ့်မည်ဖြစ်သည်။ ယခုအခါ ပြည်တွင်း၌ နှစ်စဉ် စာအုပ်စာပေအမျိုးပေါင်း တစ်သောင်းကျော် ထုတ်ဝေလျက်ရှိပြီး ထိုအထဲမှ သတ်မှတ်သော စာပေဆုများ အမျိုးအစား ဘာသာရပ်အလိုက် ပျမ်းမျှအုပ်ပေါင်း ၁၃၀၀ မျှကိုလည်း နှစ်စဉ်ဖတ်ရှုရသည်ဟု စာပေဆုကော်မတီ၏အစီရင်ခံစာများ၌ ဖတ်ရသည်။

အမျိုးသားစာပေဆုရ တိုင်းကျိုးပြည်ပြု လက်ရာတို့ကို အကျယ်မချဲ့ဘဲ အကျဉ်းအားဖြင့်ဖော်ပြရလျှင် လွန်ခဲ့သည့်ခုနှစ်နှစ်ဖြစ်သော ၂၀၀၀ ပြည့်နှစ် အမျိုးသားစာပေဆုများတွင် ဘာသာရပ်အလိုက် ပါဝင်သော အကြောင်းအရာများကို အောက်ပါအတိုင်း တွေ့ရပါမည်။

ဝတ္ထုရှည်ဘာသာရပ်၌ မြန်မာ့မိသားစုအကြောင်း၊ မြန်မာအမျိုးသမီးတို့၏ လူမှုဘဝအကြောင်း၊ မြန်မာပန်းချီကျော်တစ်ဦးအကြောင်း၊ မြန်မာ့သမိုင်းတွင် ခေတ်အဆက်ဆက်ပါဝင်လှုပ်ရှားခဲ့သော မျိုးချစ်နိုင်ငံသားများ၏ ပုံရိပ်အကြောင်း စသည်တို့ကို တွေ့ရမည်။

ဝတ္ထုတိုပေါင်းချုပ်ဘာသာရပ် ၌ ပင်လယ်ကမ်းခြေဒေသ လူမှုဘဝ၊ ခေတ်ပြိုင် အညာရွာဓလေ့၊ လူ့ဘဝဘက်စုံသရုပ်ဖော် ဝတ္ထုတိုများ၊ အထက်အညာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ လူသားချင်းစာနာမှုများ အကြောင်းတို့ကို ရေးဖွဲ့ကြသည်။

စာပဒေသာဆုတွင် မြန်မာပညာရှင် အတ္ထုပ္ပတ္တိ၊ မြန်မာ့စီးပွားရေးထူထောင်မှု ကိုယ်တွေ့လမ်းညွှန်၊ တက္ကသိုလ်စာပေပါမောက္ခတစ်ဦး၏ အတွေ့အကြုံ၊ ရှေးခေတ်အမျိုးသမီးစာဆိုများ၏ ဘဝရှုခင်း၊ မြန်မာ့သမိုင်းထဲမှ စံပြုဖွယ်ရာများ၊ မြန်မာ့ပင်လယ်ပြင်ခရီးသွားအတွေး စသည့်လက်ရာများကို တွေ့ရမည်။

မြန်မာ့ယဉ်ကျေးမှုအကြောင်းရပ်များတွင် ရုပ်သေးပညာဆိုင်ရာ မြန်မာ့ရှေးဟောင်းမင်စာများဆိုင်ရာ မြန်မာ့ရိုးရာ ပန်းရန်၊ ပန်းတော့ပညာဆိုင်ရာ ကွက်စိပ်ဟောပြောမှုဆိုင်ရာအကြောင်းတို့ကို လေ့လာတင်ဆက်ခဲ့ကြသည်။

လူငယ်စာပေနှင့် ကလေးစာပေ တို့တွင် အသက်အရွယ်ကိုလိုက်၍ လေ့ကျင့်အားထုတ်နိုင်ရန်၊ စိတ်ထားတတ်ရန်၊ တွေးခေါ်တတ်ရန်အတွက် ဘဝသရုပ်ဖော်ရသစာပေနှင့် ယဉ်ကျေးမှုမိတ်ဆက်နှင့် ကဗျာများကို ရေးသားသည့် လက်ရာများက ဆုဆွတ်ခူးခဲ့ကြသည်။ ထိုဆုရစာရင်းတွင် ရေးထုံးသတ်ပုံကဗျာများပင်ပါသည်။

ဘာသာပြန်စာပေရသနှင့်သုတတို့၌ ကမ္ဘာ့စာပေစာရင်းဝင်စာများနှင့် ရင်သွေးပျိုးထောင်နည်း၊ သိပ္ပံပညာရှင်များ အတ္ထုပ္ပတ္တိ၊ စီးပွားရေးထူထောင်မှု နိုင်ငံတကာအတွေ့အကြုံနှင့် ခေါင်းဆောင်မှုပညာ၊ လူငယ်တို့တက်လမ်း ပွင့်လင်းရေးအားပေးလမ်းပြမှုနှင့် ကမ္ဘာကျော်စီးပွားစွမ်းဆောင်ရှင်များ အတ္ထုပ္ပတ္တိတို့ကို ခေတ်သစ်ဂန္ထဝင်လက်ရာများအကြားတွင် ဖတ်ရသည်။

သုတပဒေသာ ဘာသာရပ် ခေါင်းစဉ်အောက်တွင် ဝိဇ္ဇာနှင့် အသုံးချသိပ္ပံဟူ၍ ဘာသာရပ်နှစ်ခုရှိရာ **သုတပဒေသာ(ဝိဇ္ဇာ)**ပညာရပ်၌ မြန်မာ့ပညာရေးရှုခင်း၊ မန္တလေးမြို့မှ ဝင်းကြီးများ သတ်မှတ်နေရာချခဲ့ပုံ၊ သမိုင်းရာပုံတော်ထွက်ခြင်း၊ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ ကုန်း ဘောင်ခေတ် ကျေးလက်လူမှုစီးပွားဘဝ၊ ကိုလိုနီခေတ် ကျေးရွာအုပ်ချုပ်ပုံအကြောင်းအထိ နယ်ပယ်စုံလင်သည်။

သုတပဒေသာ(သိပ္ပံ)ဘာသာရပ် အောက်၌ မြန်မာတို့၏ ဆီစားသုံးမှု၊ ရုပဗေဒဆိုင်ရာ စူပါကြိုးမျှင်သီအိုရီကမ္ဘာ့တိုင်းရင်းဆေး၊ စကြဝဠာ အနားစွန်းလေ့လာမှု၊ မြန်မာ့တွင်းထွက်ရတနာ ပတ္တမြားနှင့်နီလာ မြန်မာဆေးသုတေသီတစ်ဦး၏ နှစ် ၄၀ မှတ်တမ်း စသည်တို့မှာ မြန်မာစာပေအစုအဝေးတွင် ပါဝင်ရပ်တည်လာခဲ့သည်။

အမျိုးသားစာပေဆု၌ ဘာသာရပ် ၁၄ မျိုး၊ စာအုပ်ဖြစ်လျှင် အမျိုးသားစာပေဆု၌ ပါဝင်ယှဉ်ပြိုင်နိုင်သော စာပေဗိမာန်စာမူဆု၌ ဘာသာရပ် ၁၂မျိုး သတ် မှတ်ထားရာ ဘာသာရပ်တိုင်းတွင် နှစ်စဉ်ဆွတ်ခူးပြီး အမျိုးသားစာပေ အဆောက်အအုံကြီးကို ကြွယ်ဝအောင် ပါဝင်အားထုတ်ဖြည့်စွမ်းခြင်းဖြင့် အမျိုးသားရေးတည်ဆောက်မှုတွင် စာပေကလောင်ရှင်တို့ကလည်း ပါဝင်နေကြသည်။

စာပေဆု၊ စာမူဆုများအတွက် စိစစ်ဖတ်ရှုရာတွင် ရွေးချယ်သူတို့ လိုက်နာရန် ချမှတ်ထားသောမူကိုးခုရှိသည်။ ထိုမူတို့သည်လည်း စာပေနည်းဖြင့် ထူထောင်အပ်သော အမျိုးသားရေးလမ်းကြောင်းမှ သွေဖည်ခြင်း မရှိကြပေ။ ယင်းမူဝါဒတို့တွင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ထွန်းကားရေး၊ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်ရေး၊ တိုင်းရင်းသားများ သွေးစည်းညီညွတ်ရေး၊ အတွေးအခေါ်မှန်ကန်၍ အသိဉာဏ်တိုးပွားရေး၊ နည်းလမ်းမှန်ကန်သော ဗဟုသုတတိုးပွားရေး၊ နိုင်ငံတည်တံ့ဖွံ့ဖြိုး အေးချမ်းသာယာရေးကို အထောက်အကူပြုရေး စသည်တို့မှာ စာပေနည်းဖြင့် အားထုတ်ဖြည့်စွမ်းနိုင်သော အကြောင်းများဖြစ်သည်။

စာပေသည် နိုင်ငံ၏ အမျိုးသားရေးဘဝနှင့် ယှဉ်လျက် ရေမြင့်ကြာတင့် တိုးတက်ဖွံ့ဖြိုးစေရာတွင် အမျိုးသားရေး၌ ကာလ၊ ဒေသ၊ ပယောဂတို့နှင့်အညီ ညှိနှိုင်းကျင့်သုံးကြသည့်နည်းတူ စာပေကဏ္ဍသည်လည်း အမျိုးသားရေးနှင့်ဒွန်တွဲလျက် အလှမ်းမကွာရှိရမည် သာဖြစ်သည်ဟု စာပေရာသီ၌ အတွေးပေါက်ရပါသည်။ ။

(၁၉) ကြိမ်မြောက် ခုနှစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်း ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက်ဆုတောင်းပြည့်ကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ် ၆၊ ဆုတောင်းပြည့်မိုးကုတ်ရိပ်သာကြီး၌ (၁၉)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆုတောင်းပြည့် ဆရာတော်ဦးဆောင်၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မဏိရတနာကျောင်း မိုးကုတ်သာသနာပြု နယ်လှည့်ဓမ္မကထိကအရှင်ပညာဇောတမှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ၊ (၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ ရက်မှ ပြာသိုလဆန်း ၄ ရက်)ထိ ပဋိစ္စသမုပ္ပါဒ်ဒေသနာမြတ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားပြသမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့ လသာမြို့နယ် စဉ့်အိုးတန်းလမ်းနေ မိဘများဖြစ်သော ဦးမဲဘ-ဒေါ်သန်းကြည်(ကွယ်လွန်)တို့အား ရည်စူး၍ ဦးဘသွင်-ဒေါ်ခင်မာကြည် မိသားစုတို့က ဘိုးဘွားများအား တစ်နေ့တာအာဟာရကျွေးမွေးရန် ဆွမ်းပဒေသာပင်နှင့် သောက်ရေသန့်စက်တို့အတွက် ငွေကျပ် ၆၅၀၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တိုင်းရင်းသားအစီအစဉ်များ ပြောင်းလဲထုတ်လွှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာ့အသံမှ (၃)လတစ်ကြိမ် အက္ခရာစဉ်အလိုက် အလှည့်ကျပြောင်းလဲထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသားအစီအစဉ်များကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ လှိုင်းတို (၆၃ ဒသမ ၄၉) မီတာမှ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်သည်။

ဒို့ကျေးရွာအတွက် စိုက်ပျိုးရေးနည်းလမ်းကောင်းများ(၂)စာအုပ် ထွက်ပြီ

ရန်ကုန် ဒီဇင်ဘာ ၂၁

ကျေးလက်ဒေသရှိ ပြည်သူတို့အား အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ထုတ်ဝေခဲ့သော ဒို့ကျေးရွာဂျာနယ်တွင် ဖော်ပြခဲ့သည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများအား စာဖတ်သူများ၏ တောင်းဆိုချက်အရ ပြန်လည်စုစည်း၍ “ဒို့ကျေးရွာအတွက် စိုက်ပျိုးရေးနည်းလမ်းကောင်းများ(၁)” ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခု “ဒို့ကျေးရွာအတွက် စိုက်ပျိုးရေး နည်းလမ်းကောင်းများ(၂)”ကို ဆက်လက်ထုတ်ဝေလိုက်သည်။

ထိုစာအုပ်တွင် ဒေါက်တာချစ် (စိုက်ပျိုးရေး)၊ အောင်ဆန်း(စိုက်ပျိုးရေး)၊ ကျော်လှိုင်(စိုက်ပျိုးရေး)၊ ဖိုးထွေး(စိုက်ပျိုးရေး)၊ ကိုရဲ(စိုက်ပျိုးရေး)၊ ဉာဏ်ထွန်း(စိုက်ပျိုးရေး)၊ ဇော်မိုးအောင်(စိုက်ပျိုးရေး)၊ ဟန်ဖြိုးအောင် (ဥယျာဉ်ခြံ)၊ မှူးခင်(ရွှေပြည်သာ)၊ တွင်းကြီးဝမ်းမောင်နှင့် ဒေါက်တာ မျိုးအောင်ကျော် (ဆန်ကုန်သည်အသင်း)တို့က ရေးသားထားသော စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများကို လေ့လာဖွယ်၊ အတုယူဖွယ် စုစည်း ဖော်ပြထားသည့်အတွက် အလွယ်တကူ ဖတ်ရှုနိုင်သည်။

အဆိုပါစာအုပ်တွင် စပါးစိုက်ပျိုးရေး၊ စက်မှုကုန်ကြမ်းသီးနှံများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ အထွေထွေ သုတေသနစိုက်ပျိုးရေးဆောင်းပါးများစသည်တို့ကို တစ်စုတစ်စည်းတည်း ဖော်ပြထားသည်။

ကျေးလက်ပြည်သူတို့၏ ရိုးရာစိုက်ပျိုးရေးဓလေ့များနှင့် ခေတ်မီစိုက်ပျိုးရေးစနစ်များကို ပေါင်းစပ်ဖော်ပြထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာပေတို့တွင် တစ်အုပ်လျှင်ကျပ် ၈၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး စေတနာဆရာဝန်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ ဂိလာနသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သဒ္ဓါစေတနာ၊ မေတ္တာထက်သန်စွာဖြင့် ကုသိုလ်ဖြစ် ဆေးဝါးကုသပေးနေကြသော လုပ်အားဒါနအလှူရှင် စေတနာဆရာဝန်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဆေးရုံကြီးရှိ ရာဇဂြိုလ်ဆောင် အလှူမင်္ဂလာခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က ဂုဏ်ပြုပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အဖွဲ့ဝင်များက လုပ်အားဒါန အလှူရှင် စေတနာဆရာဝန်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြပြီး လုပ်အားဒါနအလှူရှင် စေတနာရှင်ဆရာဝန်ကြီးများကိုယ်စား သွားနှင့်ခံတွင်း ကုသမှုဌာနမှ ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသိန်းကြူက ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

* ကျောဖုံးမှ

Process and Product Show တွင် မြေညီထပ်၌ ပြခန်း ၁၀ ခန်းနှင့် ပထမထပ်၌ ပြခန်း ၁၇ ခန်း စုစုပေါင်း ပြခန်း ၂၇ ခန်း ပြသထားရှိပြီး ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ၊ နေရောင်ခြည်သုံး လျှပ်စစ်ထုတ်လုပ်မှုနှင့် လေအားလျှပ်စစ်ထုတ်လုပ်မှုစနစ်များ၊ စက်ယန္တရားကြီးများ၏ စက်အစိတ်အပိုင်းများ တာရှည်ခံနိုင်စေရန်အတွက် ဂဟေချောင်းများ၊ သံမဏိသတ္တုစပ်ပေါင်းဒါမှုန့်ဖြင့် ထိန်းသိမ်းကာကွယ်မှုစနစ်၊ လူဝင်ထွက်မှုကို အလိုအလျောက်ရေတွက်မှတ်သားသော စက်နှင့် ကားရေတွက်စက်များ အပါအဝင် အင်ဂျင်နီယာပိုင်းဆိုင်ရာ ထုတ်ကုန်ပစ္စည်းများနှင့် ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ခင်းကျင်းပြသထားသည်။

ပြပွဲကို အင်ဂျင်နီယာဘာသာရပ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ကြီးကြပ်ဦးဆောင်မှုဖြင့် မျိုးဆက်သစ် မြန်မာလူငယ်အင်ဂျင်နီယာများက စီစဉ်ကျင်းပခြင်းဖြစ်ပြီး ယနေ့မှ ဒီဇင်ဘာ ၂၂ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ယင်းနောက် စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို အသင်းအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိနိုင်ငံ၏ သဘာဝနှင့် လိုက်လျောကိုက်ညီသည့် အဆင့်မြင့်နည်းပညာများ ဖော်ထုတ်အသုံးပြုနိုင်မှုသည် အဓိကကျသည့်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးအနေဖြင့် အဆိုပါတာဝန်ကို စည်းရုံးအကောင်အထည်ဖော်ပေးကြရန် မှာကြားလိုကြောင်း၊ စက်မှုဇုန်များ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီး၏ ပူးပေါင်းဆောင်ရွက်ပေးမှုသည် အရေးပါကြောင်း။

ကြိုးပမ်းဆောင်ရွက်ပေးရန်လို

နည်းပညာအသစ်များသည် တစ်ရက်ထက်တစ်ရက် ဆန်းသစ် တိုးတက်လာသည့်အတွက် ကုန်ကျစရိတ်နည်းနည်း၊ စွမ်းအင်နည်းနည်းဖြင့် အရည်အသွေးမြင့်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရေး အပြိုင်အဆိုင် လုပ်ကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ကြိုးပမ်းကြရာတွင် မိမိတို့တိုင်းပြည်အနေဖြင့် မျက်ခြည်ပြတ် မကျန်ရစ်ခဲ့ရန်၊ ခေတ်ကာလနှင့် လိုက်လျောညီထွေသည့် နည်းပညာအသစ်များကို သိရှိအသုံးချနိုင်ရန်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း။

သုတေသနလုပ်ငန်းကို စူးစူးနစ်နစ် လုပ်ကိုင်ပြီး နည်းပညာကိုတစ်ဦးချင်း စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းသကဲ့သို့ အဖွဲ့လိုက် စုပေါင်းတီထွင် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များက အင်ဂျင်နီယာနည်းပညာရပ်ဆိုင်ရာ စာတမ်း ၅၄ စောင်ကို ယနေ့မှ ဒီဇင်ဘာ ၂၂ ရက်အထိ ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

လက်ပံတန်းမြို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၁

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ အထက(၁)၊ (၂)နှင့် အလကကျောင်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူသွားကြသော အသက်(၇၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် လက်ပံတန်းမြို့ အထက(၁) နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေ ပါဝင်လှူဒါန်းလိုသူများနှင့် အာစရိယပူဇော်ပွဲသို့ လိုက်ပါလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် လက်ပံတန်းမြို့မှ ဦးမောင်မောင်(ရောင်နီဦးမိတ္တူ) ဖုန်း-၀၅၃-၃၂၁၆၅၊ ဦးမောင်မောင်ဌေး (ကန်တစ်ရာ) ဖုန်း-၀၅၃-၃၂၀၆၅၊ ဦးမြင့်ဝေ ဖုန်း-၀၅၃-၃၂၁၂၃၊ ဦးတင်လှိုင်(ဘီးလင်းတန်း) တို့ထံနှင့် ရန်ကုန်မြို့မှ ဒေါ်စန်းနွဲ့ ဖုန်း-၀၁-၆၆၄၆၁၇၊ ဦးတင့်လွင် ဖုန်း-၀၁-၂၉၁၄၆၃၊ ၀၁-၂၀၀၆၆၃၊ ဒေါ်ခင်သစ်ဆွေ ဖုန်း- ၀၁-၆၄၂၉၇၉ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဒိုးကွင် စိုက်ပျိုးရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်ဆည်ရေပေးမြောင်းမှ ရေအားကိုအသုံးပြု၍ အသေးစား ရေအားလျှပ်စစ်ထုတ်စက် တပ်ဆင်တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ထုတ်ကုန်ပြပွဲ ခင်းကျင်းပြသ

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Process and Product Show ပြပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပသည်။

ပြပွဲတွင် ပြခန်း ၂၇ ခန်း ပါဝင်ပြသထားပြီး အင်ဂျင်နီယာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများနှင့် ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ခင်းကျင်းပြသထားသည်။

အင်ဂျင်နီယာဘာသာရပ် တိုးတက်ဖွံ့ဖြိုးရေးကို ရည်ရွယ်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ကြီးကြပ်ဦးဆောင်မှုဖြင့် မျိုးဆက်သစ် မြန်မာလူငယ်အင်ဂျင်နီယာများက စီစဉ်ပြသထားခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၂ ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်သည်။

(သတင်းစဉ်)

သီရိမင်္ဂလာ အဂ္ဂမဟာ ဓမ္မဘဏ္ဍာဂါရ ဗိမာန်တော်ဖွင့်ပွဲ၊ ရုပ်တုတော်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

အနန္တဂုဏ်အင်ကျေးဇူးတော်ရှင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓမ္မ ပါဠိပါရဂူ၊ ပရိယတ္တိ သာသနာလင်္ကာရအကျော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) ဆရာတော်ကြီး၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အင်ကြင်းပင်-ပလိုင်းကန်ကျေးရွာတွင် ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်တို့ကို အာရုံပြု၍ သီရိမင်္ဂလာအဂ္ဂမဟာ ဓမ္မဘဏ္ဍာဂါရ ဗိမာန်တော်ဖွင့်ပွဲနှင့် ရုပ်တုတော်ပူဇော်ပွဲ၊ ထေရုပ္ပတ္တိကျောက်စာတိုင် စိုက်ထူပူဇော်ပွဲကို (၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်) ဒီဇင်ဘာ ၂၈ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ကြကြောင်း သိရသည်။ (က-ပ)

ကဝ အရှင်ဝဏ္ဏိတသာရ တရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖြူးဆရာတော်၏ တပည့် ကဝအရှင်ဝဏ္ဏိတသာရ၊ အစိုးရဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ၊ ဖြူးမဟာစည်နယ်လှည့်ဓမ္မကထိကသည် ဒီဇင်ဘာ ၂၂ ရက် ညတွင် ပဲခူးမြို့ ပုဗ္ဗာရုံကျောင်းတိုက် (၁၉)ကြိမ်မြောက် ပရိယတ္တိ ပါဒကစာတော်ပြန်ပွဲ၊ ဒီဇင်ဘာ ၂၄ ရက် ညတွင် သနပ္ပင်မြို့နယ် ဇီးပင်ရွာ၊ ၃၀ ရက် ညတွင် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ဖောင်တော်သီမြို့ ဈေးပိုင်းရပ်၊ ၂၀၀၈ ခု ဇန်နဝါရီ ၁ ရက် ညတွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဧရာလမ်းမ မဟာဒုက်ဆွမ်းကပ်လှူပွဲတို့၌ ညစဉ် ၇ နာရီတွင် ဟောကြားမည်ဖြစ်သည်။ တရားပွဲပင့်လိုသူများသည် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ၀၁-၅၃၀၀၆၈၊ ၀၁-၅၀၁၈၄၆(လိုင်းခွဲ ၁၈၁)တို့သို့ ဆက်သွယ်ပင့်ဆောင်နိုင်ကြောင်းသိရသည်။ (က-ပ)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်နန်းထွမ်းလှ အမှာစကားပြောကြားစဉ်။

(ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၂-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၅ ၄။ ကျန်းမာသုတ
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"တမ်းတခြင်းမှဝေးပါစေ" (ဒွေး၊ မေသန်းနု၊ စိုးမိုးကြည်၊ ခင်စိုးပိုင်) (ဒါရိုက်တာ-ကြီးမြင့်)**
- ၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- **၄:၂၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၅** ၅။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၅:၀၀** ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- **၆:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၉။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၆:၂၅** ၁၁။ အံ့သြဘွယ်ရာဆပ်ကပ်ပညာ
- **၆:၄၅** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပုံရိပ်ပမာ (အပိုင်း-၅၄)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ လူ့ရွှင်တော်ရွှေဖလား
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သိန်းငှက်သူရဲကောင်း (ဒုတိယတွဲ) (အပိုင်း-၁၆)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာ ဗောဓိတစ်ထောင်ကျောင်းတိုက်အနီး တည်ထားသည့် ဉာဏ်တော်အမြင့် ၄၂၄ပေရှိ ဗောဓိတစ်ထောင် လေးကျွန်းစကြာ ရပ်တော်မူမြတ်စွာဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ရောဝတီတံတား(ရတနာပုံ)၏ ပင်မတံတားမှာ
အမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားများအပါအဝင် တံ
အရှည်မှာ ၅၆၁၄ ပေဖြစ်။
၄၉ ပေကျယ် လေးလမ်းသွား ကားလမ်းတံတားကြီ
ခြောက်ပေစီကျယ်သည့် လူသွားလမ်းများပါရှိ။
ထို့အပြင် ယာဉ်တစ်စီးချင်းအနေဖြင့် တန် ၆၀
တံတားဖြစ်။
တံတားကြီး မဖွင့်လှစ်သေးသော်လည်း ယာဉ်မျာ
ယနေ့အထိ ကုန်တင်ယာဉ်ကြီးတစ်သောင်းကျော်၊ လူစီ
ကျော်၊ လူစီးယာဉ်ငယ် တစ်သိန်းကျော်နှင့် မော်တော်ဆိုင်
ဖြတ်သန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရ။

❁ **ရှေ့ဖုံးမှ**

လေးကျွန်းစကြာ ရပ်တော်မူမြတ်စွာဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက မုံရွာမြို့နယ် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ၊ မုံရွာ၊ ကျောက္ကာ၊ ရွှေမြင်တင် ကာကွယ်တောများ အခြေအနေ၊ သစ်တောသစ်ပင်ထိန်းသိမ်းစိုက်ပျိုးမှုများ၊ သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးအတွက် စီစဉ်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

သစ်ပင်များတိုးချဲ့စိုက်ပျိုး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မုံရွာမြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းစိုက်ပျိုးရေး၊ ရေဝေရေလဲဒေသ၌ သစ်ပင်များ တိုးချဲ့စိုက်ပျိုးရေးတို့အတွက် စီမံချက်များဖြင့် စနစ်တကျဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဗောဓိတစ်ထောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုများ၊ သဘာဝပတ်ဝန်းကျင် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဗောဓိတစ်ထောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အလျား ပေ ၆၇၀၊ အမြင့် ၇၅ပေရှိ ရေလှောင်တမံ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။ အဆိုပါရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေလျက်ရှိပြီး ဆည်ရေဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုလျက်ရှိသည်။

ထို့အပြင် ဆည်ရေကို ရေတင်စက်ဖြင့်တင်၍ ၉၁၉ တောင်ကုန်း ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မုံရွာနည်းပညာ တက္ကသိုလ်နှင့် သမ္ဗုဒ္ဓေစေတီတော်ပတ်ဝန်းကျင်တို့၌ သစ်တောသစ်ပင်များ ထိန်းသိမ်းဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ မုံရွာမြို့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မန္တလေးမြို့သို့ ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မန္တလေး တောင်သို့ သွားရောက်ပြီး ဆုတောင်းပြည့်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မန္တလေးတောင် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

မန္တလေးတောင်စိမ်းလန်းစိုပြည်ရေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတောင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများနှင့် မန္တလေးမြို့နှင့် ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုပြီး မန္တလေးတောင် စိမ်းလန်းစိုပြည်ရေး၊ ဆည်တော်ကြီးရေသောက် စနစ် ပိုမိုချောမွေ့ထိရောက်မှုရှိရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ရောဝတီတံတား(ရတနာပုံ)ကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေး မဟာမုနိဘုရားကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးတောင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများနှင့် မန္တလေးမြို့ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်း
အဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး ဒြေ့သည်
ရေးထိုးသည်။
ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဘုရားကြီးသို့ သွားရောက်ကြပြီး မဟာ
ကြည်ညိုကြသည်။
ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်း
စာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေ

မန္တလေးမြို့ ဖွံ့ဖြိုး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်
ဈေးချိုတော်နှင့် မန္တလေးမြို့ ဖွံ့ဖြိုးတိုးတ
ကန်တော်ကြီးပတ်ဝန်းကျင် စည်ပင်သာယ
မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး
ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တံတား(ရတနာပုံ) တည်ဆောက်ရေးစီမံ
ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီ
ရောဝတီတံတား(ရတနာပုံ)နှင့် စပ်လျဉ်း
ဆောက်ရေးလုပ်ငန်းများ အားလုံးနီးပါး
သည်။

ဆက်လက်၍ ဒုတိယအင်ဂျင်နီယာမှူ
သံမဏိသံပေါင်များ၌ အဆိုင်းသံပေါင်
လုပ်ငန်းအဆင့်ဆင့်နှင့် အဆိုင်းသံပေါင်
ခံနိုင်ဝန်ကို စမ်းသပ်စစ်ဆေးခဲ့မှုများ၊ တံ
များကို ရှင်းလင်းတင်ပြသည်။

ဖြတ်သန်းကြည့်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း
နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ား(ရတနာပုံ)၏ ပင်မတံတားမှာ သံမဏိသံပေါင်တံတား
ချဉ်းကပ်တံတားများအပါအဝင် တံတားကြီး၏ စုစုပေါင်း
ပေဖြစ်။
လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်ပြီး တစ်ဖက်လျှင်
သည့် လူသွားလမ်းများပါရှိ။
ဉ်တစ်စီးချင်းအနေဖြင့် တန် ၆၀ ယာဉ် ခံနိုင်ဝန်ရှိသည့်

မဖွင့်လှစ်သေးသော်လည်း ယာဉ်များ ဖြတ်သန်းခွင့်ပြုခဲ့ရာ
င်ယာဉ်ကြီးတစ်သောင်းကျော်၊ လူစီးယာဉ်ကြီးလေးသောင်း
ယ် တစ်သိန်းကျော်နှင့် မော်တော်ဆိုင်ကယ် သုံးသိန်းကျော်တို့
ကြောင်း သိရှိရ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးသို့ သွားရောက်ကြပြီး မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်မှု

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀နာရီတွင် ဈေးချိုတော်နှင့် မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း၊ မန္တလေးကန်တော်ကြီးပတ်ဝန်းကျင် စည်ပင်သာယာပြုပြင်ထားမှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဧရာဝတီတံတား(ရတနာပုံ)နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ အားလုံးနီးပါး ပြီးစီးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတားနှင့် ချဉ်းကပ်လမ်းတည်ဆောက်ဖောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်များဖြင့် မန္တလေးဘက်ကမ်းသို့ ပြန်လည်ရောက်ရှိကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရှင်းလင်းဆောင်အနီးမှနေ၍ ဧရာဝတီတံတား(ရတနာပုံ)ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဧရာဝတီတံတား(ရတနာပုံ)၏ ပင်မတံတားမှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားများအပါအဝင် တံတားကြီး၏ စုစုပေါင်းအရှည်မှာ ၅၆၁၄ပေ ဖြစ်သည်။

၄၉ပေကျယ် လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်ပြီး တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းများ ပါရှိသည်။

ထို့အပြင် ယာဉ်တစ်စီးချင်းအနေဖြင့် တန် ၆၀ ယာဉ် ခံနိုင်ဝန်ရှိသည့် တံတားဖြစ်သည်။

ဖြတ်သန်းခွင့်ပြု

တံတားကြီး မဖွင့်လှစ်သေးသော်လည်း ယာဉ်များ ဖြတ်သန်းခွင့်ပြုခဲ့ရာ ယနေ့အထိ ကုန်တင်ယာဉ်ကြီးတစ်သောင်းကျော်၊ လူစီးယာဉ်ကြီးလေးသောင်းကျော်၊ လူစီးယာဉ်ငယ် တစ်သိန်းကျော်နှင့် မော်တော်ဆိုင်ကယ် သုံးသိန်းကျော်တို့ ဖြတ်သန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်အတူ ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဒိုးကွင်စိုက်ပျိုးရေးခြံကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးများအား ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးတင့်လွင်က ဒိုးကွင်စိုက်ပျိုးရေးခြံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးများအား ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ယဉ်ယဉ်မာက ဆေးဖက်ဝင် သစ်ခွခြောက်ပြုလုပ်ပုံများ၊ ဆေးဖက်ဝင် သစ်ခွတစ်သျှူးပျိုးပင် ထုတ်လုပ်ခြင်းလုပ်ငန်းချက်နှင့်အညီ ဆေးဖက်ဝင်သစ်ခွများကို အောင်မြင်အောင် စိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးများသည် ဒိုးကွင်ဆည်ရေပေးမြောင်းမှ ရေအားကို အသုံးပြု၍ အသေးစားရေအားလျှပ်စစ်ထုတ်စက် တပ်ဆင်တည်ဆောက်ထားမှုများ၊ လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါ အသေးစားရေအားလျှပ်စစ်ထုတ်စက်မှာ စိုက်ပျိုးရေပေးဝေလျက်ရှိသော ရေမြောင်းမှ ၅ ကီလိုဝပ် ထုတ်လုပ်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ပြီး ဆည်ရေပေးဝေလျက်ရှိသကဲ့သို့ ရေမြောင်းများတွင်လည်း ရေအားလျှပ်စစ်ထုတ်စက် တပ်ဆင်အသုံးပြုလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၂-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ ပမ္မဝတီတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁း၃၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး"(အပိုင်း-၁)**
၂း၁၀ ၆။ **"ရိုးသားစွာ ကြိုးစားပါ" [ထွန်းထွန်းဝင်း၊ဦးစောနိုင်-ရှမ်းပြည်၊ဦးရဲစိန်၊ဦးကြည်စိုး (IC) မြင့်မြင့်ခိုင်၊ဟိဏ်းထက်ဇော်၊စီယံ၊မောင်သူရဦး] (ဒါရိုက်တာ-မြင့်စိုး-ဝ/သ ရန်ကုန်)**
၂း၂၅ ၇။ ဆွေးနွေးအကြံပေး (၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေး
၂း၃၅ ၈။ အဆိုပြိုင်ပွဲ
၂း၄၅ ၉။ International News.
၂း၅၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၂း၅၀ ၁။ **၂၀၀၇ခုနှစ်(၄၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(ဗိုလ်လုပွဲ) ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း)**
၄း၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၅း၃၀ ၅။ တေးဂီတအစီအစဉ်
၅း၄၅ ၆။ မြန်မာ့ဓလေ့ရိုးရာလက်ဇှေ့
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၃၀ ၈။ မိုးလေဝသအခြေအနေ
၆း၃၅ ၉။ အလှရှာမယ်လှကမ္ဘာဝယ်
၆း၅၀ ၁၀။ တေးဂီတအစီအစဉ်
၇း၁၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်ဆမ်းမှ" (အပိုင်း-၁၇)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သောအချစ်နေ့" (အပိုင်း-၅)**
၁၆။ နောက်တစ်နေ့အစီအစဉ်
၁၇။ အစီအစဉ်ပြီး၏။

ဆက်လက်၍ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က ပင်မတံတား၏ သံမဏိသံပေါင်များ၌ အဆိုင်းသံပေါင်(Suspender)များ တပ်ဆင်ခြင်းလုပ်ငန်းအဆင့်ဆင့်နှင့် အဆိုင်းသံပေါင် ကြွခိုင်မှုအခြေအနေ၊ တံတား၏ ခံနိုင်ဝန်ကို စမ်းသပ်စစ်ဆေးခဲ့မှုများ၊ တံတား၏ ခံနိုင်ဝန်အား အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြတ်သန်းကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တံတားကြီးကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ လုပ်ငန်းအပြီးသတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ)မှတစ်ဆင့် တောင်သမန်အင်းပတ်လမ်း ဖောက်လုပ်ပြီးစီးမှု၊ ရတနာပုံတက္ကသိုလ်နှင့် အမရပူရမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မန္တလေးမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

များ၊ ဆေးဖက်ဝင် သစ်ခွမျိုးပွားခြင်းလုပ်ငန်းများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ သစ်ခွပျိုးရုံများဘောင်စနစ်၊ စင်စနစ်၊ တိုင်ထောင်စနစ်၊ အပင်ကပ်စနစ်၊တန်းစနစ်တို့ဖြင့် ဆေးဖက်ဝင် သစ်ခွစိုက်ပျိုးထားမှုများကို လိုက်လံရှင်းလင်း ပြသကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုတို့သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဓညဝတီမြို့တော်ခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပညာရေးငွေပဒေသာပင်မှ တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တက္ကသိုလ်ပညာသင်ဆုများ ချီးမြှင့်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန် နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တို့က အမှာစကားပြောကြားကြ သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပညာရေးငွေပဒေသာပင် မှ တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ရခိုင်ပြည် နယ်အတွင်းရှိ ဆေးတက္ကသိုလ်၊ ပညာ ရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ လေကြောင်းနှင့် အာကာသဆိုင်ရာတက္ကသိုလ်၊ သူနာပြု တက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေး တက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်နှင့် အခြေခံကျန်းမာရေး တက္ကသိုလ်တို့သို့ တက်ရောက်နေကြ သည့် ကျောင်းသား၊ ကျောင်းသူ ၆၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပညာရေးငွေပဒေသာ ပင်အတွက် အလှူငွေပေးအပ်ကြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိ သူတို့က လက်ခံကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ပညာရေးမှူး ဦးအေးကြိုင်က ကျေးဇူးတင် စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ စက်ရုံစုရပ်ကွက်၌ စက်အင်အား 125-KVA Gasifier RH-25အမျိုးအစား စပါးခွံ လောင်စာ သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်၊ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးခင်ယုဇော်၊ စက်ရုံစုရပ်ကွက် မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစန်းမောင်တို့က စပါးခွံ လောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက် ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးပြီး တိုင်းမှူးနှင့်အတူ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီး တို့သည် အောင်မင်္ဂလာရပ်ကွက်ရှိ စက်တပ်ဆင်အင်အား 125-KVA စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် စစ်တွေမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွဋ်၊ ခရိုင်လျှပ်စစ်အင်ဂျင် နီယာ ဦးဝင်းမြင့်နှင့် ရပ်ကွက်မီးလင်း ရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျော်စိန်တို့က စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်က လျှပ်စစ်ဓာတ်အားပေး စက်ရုံကို မီးခလုတ်အားနှိပ်၍ ဖွင့်လှစ် ပေးပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးပေးနေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ဆက်လက်၍ ခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအေး သောင်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမြင့်နှင့် ကုန်တန်းရပ်ကွက်မီးလင်း ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်လွန်း စိန်တို့က စပါးခွံလောင်စာသုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လျှပ်စစ်ဓာတ်အားပေး စက်ရုံကို မီးခလုတ်အားနှိပ်၍ ဖွင့်လှစ်ပေးပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အခြေ အနေတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

မုံရွာဒေသကောလိပ်၌ ၁၉၇၆ခုနှစ်မှ ၁၉၈၁ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ နှင့်မိတ်ဆုံစားပွဲ ကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ဆရာ၊ ဆရာမကြီးများ အပူဇော်ခံ တက်ရောက်နိုင်ရေးအတွက် အသွားအပြန် အကြိုအပို့၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးများကို တာဝန်ယူစီစဉ်ထားသည်။ ကျောင်းသား၊ ကျောင်းသူ ဟောင်းများ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသိုင်းဝင်း ဖုန်း-၂၁၀၀၈၂၊ ၀၉ ၅၁၅၁၄၀၅၊ ဦးဗိုလ်တူး ဖုန်း-၀၉ ၈၀၃၀၃၈၂၊ ဦးဖိုးလု ဖုန်း-၀၉ ၅၀၃၃၉၉၉၊ ဦးမြင့်စိုး ဖုန်း-၀၉ ၅၁၅၃၇၂၆၊ ဦးကျော်မျိုးထင် ဖုန်း- ၀၉ ၂၀၀၇၅၅၄၊ ဦးမောင်မြင့် ဖုန်း-၀၉ ၅၀၁၆၀၁၈၊ ဦးကျော်မျိုးဝင်း ဖုန်း- ၀၉ ၂၁၃၂၂၅၅၊ ဦးခင်မောင်မြင့် ဖုန်း-၀၉ ၂၁၃၁၄၄၅၊ ဦးသက်ထွန်းညို ဖုန်း- ၀၉ ၂၁၃၂၄၈၆၊ ဦးမောင်မောင်အေး ဖုန်း-၀၇၃ ၂၁၈၁၄၊ ဒေါ်ခင်လေး ဖုန်း- ၀၃၇ ၂၁၈၁၀၊ ဒေါ်အေးအေးမြင့် ဖုန်း-၀၇၃ ၄၀၃၂၇၊ ဦးမောင်မောင်ဝင်းရှိ ဖုန်း-၀၉ ၅၂၀၁၉၉၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အာဆီယံရထားပို့ဆောင်ရေး အမှုဆောင်အရာရှိများ၏ အစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂၁

(၂၉)ကြိမ်မြောက် အာဆီယံ ရထားပို့ဆောင်ရေး အမှုဆောင်အရာရှိများ၏ အစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အာဆီယံ ရထားပို့ဆောင်ရေးအမှုဆောင်အရာရှိများ၊ အဆင့်မြင့်အရာရှိကြီးများ၊ သံတမန်များ၊ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ ရထားပို့ဆောင် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်၊ ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒို နီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မလေးရှား နိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တို့မှ ရထားပို့ဆောင်ရေး အမှုဆောင် အရာရှိများနှင့် အဆင့်မြင့် အရာရှိကြီး များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ် ကြီးများ၊ သံတမန်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရထားပို့ဆောင်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့၏ ရထားလုပ်ငန်းဖွံ့ဖြိုး တိုးတက်မှုသည် အာဆီယံဒေသအတွင်း ဖြစ်ပေါ်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှု များကို ထူးခြားစွာ အထောက်အပံ့ ဖြစ်စေမည်ဟုလည်း ယုံကြည်ကြောင်း။ သို့အတွက်ကြောင့်ပင် မိမိတို့၏ ရထား လုပ်ငန်းစနစ်များအကြား ပူးပေါင်း ဆောင်ရွက်ရေး၊ ပိုမိုရင်းနှီးမှုရှိရေး၊ စိတ်ကူးကောင်းများ၊ အတွေ့အကြုံများ ကို အသိပေးမျှဝေရေးနှင့် ရထား လုပ်ငန်းပိုင်းဆိုင်ရာ စည်းကမ်းပိုင်း၊ လုပ်ဆောင်မှုအပိုင်းတို့တွင် ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်ကို မြတ်နိုး တန်ဖိုးထားအပ်ပါကြောင်းဖြင့် ပြောကြား သည်။

ယင်းနောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း သည် အစည်းအဝေးသို့ တက်ရောက် လာကြသည့် အာဆီယံ ရထားပို့ဆောင် ရေး အမှုဆောင်အရာရှိများ၊ အဆင့်မြင့် အရာရှိကြီးများ၊ သံတမန်များ၊ တာဝန် ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အာဆီယံရထားပို့ဆောင် ရေး အမှုဆောင်အရာရှိများ၏ ညှိနှိုင်း အစည်းအဝေး (For CEO Group Session) ကိုလည်းကောင်း၊ အာဆီယံ ရထားပို့ဆောင်ရေး စက်မှုနည်းပညာ ရှင်များ၏ ညှိနှိုင်းအစည်းအဝေး (For Technical Working Group Session) ကိုလည်းကောင်း၊ အာဆီယံ ရထားပို့ဆောင်ရေးဈေးကွက်နှင့် ရထား သွားလာမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (For Marketing & Operation Working Group Session) ကို လည်းကောင်း သက်ဆိုင်ရာ အစုအဖွဲ့ များက ကဏ္ဍအလိုက်ဆွေးနွေး ညှိနှိုင်း ကြသည်။

ညှိနှိုင်း အစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးမှု နှင့် သယ်ယူပို့ဆောင်မှု၊ ရထားသွား လာရေးဆိုင်ရာ လုပ်ငန်းများတိုးတက် မှုနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ ရထားလုပ်ငန်းများတွင် ပုဂ္ဂလိက ကဏ္ဍမှ ပိုမိုတိုးတက်ပါဝင်လာမှု အခြေ အနေများ၊ ကုန်စည်များနှင့်ခရီးသည် ဝင်ငွေ တိုးတက်ရေးအတွက် နိုင်ငံ အလိုက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ရထားပို့ဆောင်ရေး လုပ်ငန်းများနှင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်အဆင့် မြင့်မားရေးအတွက် လေ့ကျင့်ရေး သင်တန်းကျောင်းများ ဖွင့်လှစ်လေ့ကျင့် သင်ကြားမှုများ၊ အာဆီယံရထားလမ်း နှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံများ အလိုက် ကြိုတင်ပြင်ဆင်မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များကိုကဏ္ဍအလိုက် ရင်းနှီး ပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

တရုတ်နိုင်ငံတောင်ပိုင်းလေကြောင်းလိုင်း ရန်ကုန်ရုံးခွဲဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံတောင်ပိုင်း လေကြောင်းကုမ္ပဏီ မိုးကောင်းကင် မဟာမိတ်အဖွဲ့ (Sky Team Alliance) သို့ဝင်ရောက်ခြင်းနှင့် တောင်ပိုင်း လေကြောင်းလိုင်း ရန်ကုန်ရုံးခွဲဖွင့်လှစ် ခြင်းအထိမ်းအမှတ်အခမ်းအနားကို ဒီဇင် ဘာ၁၈ရက်နံနက်က ရန်ကုန်မြို့ကုန်သည် ကြီးများဟိုတယ်တွင် ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီး ဌာန၊ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံး၊ တရုတ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာအဖွဲ့အစည်းများ၊ တရုတ်နိုင်ငံ ကုန်သည်ကြီးများအဖွဲ့၊ မြန်မာနိုင်ငံ အတွင်းရှိ လေကြောင်းကုမ္ပဏီများ၊ ခရီး သွားလာရေးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တောင်ပိုင်း လေကြောင်းလိုင်းကို နှစ်နိုင်ငံအကြား ခရီးသွားနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများပိုမို လွယ်ကူ တွင်ကျယ်လာစေရန် ယခုနှစ် ဇူလိုင်လတွင်ကွမ်ကျူး-ရန်ကုန်တိုက် ရိုက် ပျံသန်းသည့်လေကြောင်းလိုင်းအဖြစ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ တောင်ပိုင်း လေကြောင်းလိုင်းသည် ဘိုးရင်းလေယာဉ် ကြီးများဖြင့် ခရီးသည်နှင့်ကုန်စည်များ ကို ရန်ကုန်-ကွမ်ကျူး ခရီးစဉ်အပြင် ပါရီ၊ နယူးယောက်၊ တိုကျို၊ နိုင်ရိုဘီ၊ ပနားမား၊ ဆိုးလ်၊ မော်စကို၊ ပေကျင်း စသည့် မြို့ကြီးများကို နေ့စဉ်ပျံသန်း ပြေးဆွဲပေးလျက်ရှိသည်။ တောင်ပိုင်း လေကြောင်းလိုင်းအနေဖြင့် ရန်ကုန်- ကွမ်ကျူးခရီးစဉ်များအတွက် ကြိုတင် လက်မှတ် အစောဆုံး ဝယ်ယူသူ ခရီး သည်များအား လက်မှတ်ခ ဈေးနှုန်းမှ Discountရယူခံစားခွင့်ကို ၂၀၀၈ခုနှစ် မတ် ၃၁ ရက်အတွင်း ခံစားခွင့်ရရှိမည် ဖြစ်သည်။ ဆက်သွယ်ရန်လိပ်စာမှာ အမှတ်(၃၇၀)၊ ဗိုလ်ချုပ်အောင်ဆန်း လမ်းရှိ The Grand Mee Ya Hta Residences (ပထမထပ်)၊ ကောင်း ကောင်းစားသောက်ဆိုင်အနီး ဖုန်း- ၀၁-၂၅၆၃၅၅၊ လိုင်းခွဲ-၃၅၅၅/၃၆၆၆၊ ဖက်စ်-၀၁-၂၅၀၀၁၆ တို့သို့ဆက်သွယ် နိုင်သည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တောင်ပိုင်းလေကြောင်းကုမ္ပဏီ မိုးကောင်းကင်မဟာမိတ်အဖွဲ့ (Sky Team Alliance)သို့ ဝင်ရောက်ခြင်းနှင့် တောင်ပိုင်းလေကြောင်းလိုင်း ရန်ကုန်ရုံးခွဲ ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲဖွင့် အမျိုးသား ၁၂ သင်း အမျိုးသမီး ရှစ်သင်းပြိုင်

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၀၇ ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မိုးလုံလေလုံခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ **(ကြေးမုံ)**

ဒုတိယအကြိမ် ပြည်နယ်နှင့်တိုင်း ဂူရှူးပြိုင်ပွဲဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၀၇ ခုနှစ် ဒုတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲတွင် ထောက်လု ၁၂နှစ်အထက်တွင် ပြိုင်ပွဲ ၁၀ မျိုး၊ ၁၂နှစ်အောက်တွင် ပြိုင်ပွဲခုနစ်မျိုး၊ ဆန်းဆိုပြိုင်ပွဲတွင် အမျိုးသားကီလိုတန်း ခုနစ်တန်းနှင့် အမျိုးသမီး ကီလိုတန်းငါးတန်းထည့်သွင်းကျင်းပလျက်ရှိပြီး ဒီဇင်ဘာ ၂၂ရက်အထိ ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။ **(ကြေးမုံ)**

နည်းပညာဆိုင်ရာ ဟောပြောပွဲကျင်းပမည်

နည်းပညာ သတင်း

ရန်ကုန် ဒီဇင်ဘာ ၂၁

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)မှကြီးမှူး၍ Myanmar Information Technology Pte Ltd. ၏ ပံ့ပိုးမှုဖြင့် ဒီဇင်ဘာ ၂၂ရက်(စနေနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ Conference Hall တွင် ကျင်းပပြုလုပ်မည့် နည်းပညာဆိုင်ရာဟောပြောပွဲတွင် MIT Pte., Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဦးထွန်းသူရသက်က Data To Knowledge ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးထွန်းခိုင်က Factors Influencing Successful Implementation of Software ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ လုပ်ငန်းနယ်ပယ်အသီးသီးမှ IT ပညာရှင်များနှင့် IT စီးပွားရေးလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်းနံပါတ်-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(ကြေးမုံ)**

ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သူ အများဆုံး(၁၀)နိုင်ငံ

ရန်ကုန် ဒီဇင်ဘာ ၂၁

ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်နှင့်ပတ်သက်သည့်ရောဂါများဖြစ်ပွားကြရသည်။ ကိုယ်တိုင်သောက်သူသာမက ပတ်ဝန်းကျင်မှဆေးလိပ်ငွေ့ကို ရှူရှိုက်မိသူများ၌လည်း ရောဂါရရှိစေနိုင်သည်။

ထို့ကြောင့် ယခုအခါ ကမ္ဘာတစ်ဝန်း၌ ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးအန္တရာယ်ကို ပညာပေးလှုံ့ဆော်ပြီး ဆေးလိပ်မသောက်ရေးပညာပေးလျက်ရှိသည်။ အများပြည်သူ ဝင်ထွက်သွားလာရာနေရာများတွင် ဆေးလိပ်သောက်ခြင်းကို ကန့်သတ်တားမြစ်လျက်ရှိသည်။

စူးစမ်းလေ့လာမှုများအရ ကမ္ဘာပေါ်တွင် ဆေးလိပ်အများဆုံးသောက်သည့် နိုင်ငံများနှင့် ဆေးလိပ်သောက်သူ (နိုင်ငံလူဦးရေ၏)ရာခိုင်နှုန်းတို့ကို ဖော်ပြလိုက်ပါသည်-

၁။ ဩစတြီးယား - ၃၆ဒသမ၃ရာခိုင်နှုန်း
၂။ ဂရိ - ၃၅ရာခိုင်နှုန်း
၃။ ဟန်ဂေရီ - ၃၃ဒသမ၈ရာခိုင်နှုန်း
၄။ လူဇင်ဘတ် - ၃၃ရာခိုင်နှုန်း
၅။ တူရကီ - ၃၂ဒသမ၁ရာခိုင်နှုန်း
၆။ နယ်သာလန် - ၃၂ရာခိုင်နှုန်း
၇။ တောင်ကိုရီးယား - ၃၀ဒသမ၄ရာခိုင်နှုန်း
၈။ ဂျပန် - ၃၀ဒသမ၃ရာခိုင်နှုန်း
၉။ စပိန် - ၂၈ဒသမ၁ရာခိုင်နှုန်း
၁၀။ ဒိန်းမတ် - ၂၈ရာခိုင်နှုန်း။

(ကြေးမုံ)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ကမ္ဘာတစ်ဝန်းတွင် ကင်ဆာရောဂါသည် ၁၂သန်း ရှိနိုင်

လော့အိန်ဂျလိစ် ဒီဇင်ဘာ ၂၁

ကမ္ဘာတစ်ဝန်းတွင် ၂၀၀၇ ခုနှစ်၌ ကင်ဆာရောဂါဖြစ်ပွားသူဦးရေ ၁၂ သန်းကျော်ရှိပြီး ထိုရောဂါဖြင့် သေဆုံးရသူ ဦးရေမှာ ၇ ဒသမ ၆ သန်းရှိမည်ဖြစ်ကြောင်း ကျန်းမာရေးလေ့လာချက် အစီရင်ခံစာတစ်စောင်က ဖော်ပြသည်။

ညွှန်ပြနေ

ယင်းနှုန်းထားအတိုင်း သေဆုံးမှုဦးရေသည် တစ်ရက်လျှင် ကင်ဆာရောဂါသည် နှစ်သောင်းခန့် သေဆုံးနေခြင်းဖြစ်ကြောင်း ညွှန်ပြနေခြင်းဖြစ်သည်။

အထက်ပါ လေ့လာချက်ကို အမေရိကန် ကင်ဆာရောဂါသည်များ ဆိုင်ရာ အသင်း၏ လေ့လာချက်တွင် ဖော်ပြထားသည်။

၎င်းလေ့လာချက်တွင် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ အခြေအနေနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေအနေဟူ၍ နှစ်ပိုင်းခွဲခြားဖော်ပြထားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကင်ဆာရောဂါ ဖြစ်ပွားသူဦးရေသည် ၅ ဒသမ ၄ သန်းမျှရှိမည်ဖြစ်ပြီး ယင်းရောဂါဒဏ်ကြောင့် သေဆုံးသူဦးရေမှာ ၂ ဒသမ ၉သန်းရှိမည်ဖြစ်သည်။

၄ဒသမ ၇သန်းရှိ

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကင်ဆာရောဂါဖြစ်ပွားသူ အရေအတွက်သည် ၆ဒသမ ၇ သန်း ရှိမည်ဖြစ်ကာ အသက်ဆုံးရှုံးရသူဦးရေသည် ၄ဒသမ ၇သန်းရှိမည်ဟု အစီရင်ခံ တင်ပြထားသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အမျိုးသားများ၌ အဖြစ်အများဆုံးသော ကင်ဆာရောဂါမှာ ဆီးကျိတ်ကင်ဆာနှင့် အဆုတ်ကင်ဆာတို့ ဖြစ်သည်။ အမျိုးသမီးများအတွက် အဖြစ်များသောကင်ဆာမှာ ရင်သားကင်ဆာနှင့် အဆုတ်ကင်ဆာတို့ပင် ဖြစ်ကြောင်း တွေ့ရသည်။

အဖြစ်များ

ဖွံ့ဖြိုးဆဲနိုင်ငံများ၌မူ အမျိုးသားများအကြား၌ အဖြစ်များသော ကင်ဆာရောဂါမှာအဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာနှင့် အသည်းကင်ဆာရောဂါတို့ဖြစ်သည်။ အမျိုးသမီးများ၌ အဖြစ်များသော ကင်ဆာရောဂါမှာ ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာနှင့် အစာအိမ်ကင်ဆာတို့ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မြောက်ပစိဖိတ်သမုဒ္ဒရာ အီလျူးရှင်းကျွန်းတွင် ၇ဒသမ၃အဆင့် ပြင်းအားရှိ မြေငလျင်လှုပ်

တိုကျို ဒီဇင်ဘာ ၂၁

မြောက်ပစိဖိတ်သမုဒ္ဒရာ အလာစကာဒေသ အီလျူးရှင်းကျွန်းတွင် ဒီဇင်ဘာ ၁၉ ရက်က အင်အား ၇ဒသမ ၃အဆင့်အထိ ပြင်းထန်သော ငလျင်တစ်ခု လှုပ်သွားကြောင်း ဂျပန်နိုင်ငံ မိုးလေဝသဌာနက ပြောကြားသည်။

လတ်တလော အခြေအနေတွင် ထိုငလျင်ကြောင့် ပျက်စီးထိခိုက်မှုသတင်း တစ်စုံတစ်ရာ မရသေးဟုဆိုသည်။ ငလျင်ကြောင့် ဆူနာမီရေလှိုင်းများ ကျရောက်နိုင်ကြောင်း ကြိုတင်သတိပေးချက်တစ်ရပ်ကို ဟာဝိုင်ယီကျွန်းဒေသအတွက် ထုတ်ပြန်ခဲ့သည်။

ထိုငလျင်သည် ကမ္ဘာ့စံတော်ချိန် နံနက် ၉နာရီခွဲတွင် အီလျူးရှင်းကျွန်းဒေသ မြေအောက်အနက် ၂၅ မိုင်ရှိ နေရာကို အခြေပြု၍ လှုပ်ရှားသွားခြင်းဖြစ်သည်ဟု ဂျပန် မိုးလေဝသဌာနက ဆိုသည်။

အမေရိကန်နိုင်ငံ အာလာစကာပြည်နယ် အင်ကာရေ့ချ်ဒေသ၏ အနောက်- အနောက်တောင်အရပ်မိုင် ၁၂၀၀ အကွာနေရာကို ဗဟိုပြု၍ ၇ဒသမ၂ပြင်းအားရှိ မြေငလျင်လှုပ်ရှားသွားကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးဌာနက ကြေညာသည်။

အမ်အင်အေ၊ရိုက်တာ။

မှုခင်း သတင်း

အရက်မူးအောင်တိုက်ပြီး ဆွဲကြိုးဖြတ်ပြေးသူ ဖမ်းမိ

ရန်ကုန် ဒီဇင်ဘာ ၂၁

ဒီဇင်ဘာ ၈ရက် မွန်းလွဲ ၁နာရီခွဲခန့်က ဦးအောင်ကို ၃၈နှစ်(ဘ) ဦးကျော်စိန် အမှတ် ၃၂၊ မဏ္ဍိုင်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နေသူသည် ယခင်က သိကျွမ်းဖူးသူ ဝင်းဇော်(ခ)ဂျပုနှင့်အတူ ဝါဆိုရပ်ကွက်၊ မဏ္ဍိုင်လမ်းဘေးရှိ အရက်ဆိုင်တွင် အရက်အတူသောက်ပြီး နေအိမ်သို့ပြန်စဉ် ဝင်းဇော် (ခ)ဂျပုက နေအိမ်သို့ လိုက်ပို့ခဲ့ကြောင်း၊ ဦးအောင်ကိုမှာ အရက်မူးလွန်ပြီး အိပ်ရာသို့ဝင်ခဲ့သည်။ နောက်တစ်နေ့နံနက်တွင် ၎င်း၏လည်ပင်းတွင် ဝတ်ဆင်ထားသော တန်ဖိုးငွေ ကျပ်၁၅သိန်းကျော်တန် ရွှေရည် ၁၅ ပဲရည်ရှိ အလေးချိန် သုံးကျပ်သား သံကြိုးပုံ ရွှေဆွဲကြိုးမှာ ပျောက်ဆုံးနေသဖြင့် ဒေါပုံရဲစခန်းသို့ အရေးယူပေးပါရန် တိုင်ကြားခဲ့သည်။

ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးမြတ်လင်း၏ စီစဉ်မှုဖြင့် စခန်းမှူးနှင့် နယ်ထိန်းအရာရှိ ဒုရဲအုပ် သိန်းဆန်းဦးနှင့်အဖွဲ့သည် မသင်္ကာသူ ဝင်းဇော် (ခ) ဂျပုအား ချက်ချင်းလိုက်လံရှာဖွေရာ မင်္ဂလာတောင်ညွန့်မြို့နယ် မြယာကုန်းဈေးအတွင်းမှ ဖမ်းဆီးရမိခဲ့သည်။ ဝင်းဇော်အား စစ်ဆေးရာ မနီနီခိုင်(ခ)မနီနီနှင့်အတူ သာကေတမြို့နယ်ရှိ စိန်ရတနာအပေါင်ဆိုင်တွင် ငွေကျပ် ၁၃ သိန်းဖြင့် ပေါင်နှံထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေများနှင့်အတူ ရွှေဆွဲကြိုးအား သိမ်းဆည်းခဲ့ပြီး ဒေါပုံရဲစခန်းမှု(ပ)၅၅၉/၂၀၀၇ ပြစ်မှုပုဒ်မ ၃၇၉ ဖြင့် တရားစွဲတင်ပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်အနောက်ပိုင်း မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၈ ရက် ည ၁၁ နာရီခွဲခန့်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၄)ရပ်ကွက် ကျွန်းရွှေဝါလမ်း၊ အိုက်ကား (၄၁)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အပေါ်ထပ်ရှိ ဘေးလွယ်အိတ်အတွင်းမှ WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄ပြား၊ အလေးချိန် ၁၉ဒသမ၄ ဂရမ်ခန့်အား သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အိုက်ကားအပေါ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရဲစခန်းမှ မူးယစ်(ပ)သတင်းချက် အမှတ်-၄/၂၀၀၇၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ပြည်ထဲရေးနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ နိုင်

နေပြည်တော် ဒီဇင်ဘာ ၂၁

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်ရှိ ဘော်လီဘော အားကစားပြိုင်ကွင်း အမှတ် (၄)နှင့် အမှတ် (၁)တို့၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ နံနက် ၇ နာရီတွင် အားကစားပြိုင်ကွင်းအမှတ်(၄)၌ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးပွဲ–တစ်ပွဲဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ထို့အတူ ညနေ ၃ နာရီတွင် အားကစားပြိုင်ကွင်း အမှတ် (၁)၌ အားကစားဝန်ကြီးဌာန အသင်းနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားဝန်ကြီးဌာန အသင်းက သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ တပ်မတော်(ရေ) တတိယဆုဆွတ်ခူး

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၀၇ ခုနှစ် (၄၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ညနေပိုင်းတွင် အောင်ဆန်းအားကစားကွင်း၌ ကျင်းပသည်။

တတိယနေရာလုပွဲတွင် တပ်မတော်(ရေ) ဘောလုံးအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော် (ရေ) ဘောလုံးအသင်းက ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး တတိယနေရာ ဆွတ်ခူးရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၂၅)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ **ဒေါက်တာဦးမြင့်ကြူ** နှင့် ချစ်မေမေ **ဒေါ်နီလာ** (B.A) အလပြ (ငြိမ်း)တို့၏ ၂၂–၁၂–၂၀၀၇ ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတု များစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့ ဆင်နွှဲနိုင်ကြပြီး သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ကြပါစေ။

ချစ်သားကြီး – လူမော်တင့် B.A(Law)

ချစ်သားလတ် – ပြုံးချိုမြင့် (သွားဆေးတက္ကသိုလ်)

ချစ်သားလေး – စိုပြေမြင့် (IX **အ.ထ.က–၂)**

လန်ဒန်ဆေးတိုက်၊ မန္တလေးမြို့

ကင်မရာအသစ်များ မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

Nikon Singapore Pte. Ltd.နှင့် Special Style Photo & Electronicsတို့ ပူးပေါင်းကျင်းပသော Nikon D 300 နှင့် D 3 ကင်မရာအသစ်များ မိတ်ဆက်ရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ Special Style Photo & Electronics မှ Managing Directorဦးမောင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ယနေ့ မိတ်ဆက်ပေးသော Nikon D300 နှင့် D3 (DSLR)ကင်မရာများကို Nikon ၏ နှစ်(၉၀)ပြည့်အထိမ်းအမှတ်အဖြစ် ထုတ်လုပ်လိုက်သော ကင်မရာများဖြစ်ကြောင်း။

D300 ကင်မရာများသည် ၁၂ဒသမ ၃ megapixel ရှိ DX Format CMOS Sensor Camera များဖြစ်ကြောင်း၊ ISO 200 မှ 3200 အထိ ရှိပြီး Boostor တင်ရိုက်လျှင် ISO 100 မှ ၆၄၀၀ အထိ ရိုက်နိုင်ကြောင်း၊ LCD Screen Size 3" ရှိပြီး (920000 Pixel resolution) ဖြင့် Liveview ပါဝင်ကြောင်း၊ Expeed DX Processor အသုံးပြုပြီး ၁၄ bit နှင့် A/D Convert လုပ်ပေးကြောင်း၊ ၅၁ Point Autofocus system ဖြင့် ၆ fps မှ ၈ fps ထိ ပုံ၁၀၀ ကိုတစ်ဆက်တည်းရိုက်နိုင်ပြီး Self-cleaning Senosor Unit ပါဝင်ကြောင်း။

D3 ကင်မရာသည် ၁၂ ဒသမ ၁ megapixel ရှိ FX Format CMOS Image Sensor Camera များဖြစ်ကြောင်း၊ Full Frame FX.DX Format, 5:4 Format အမျိုးအစားများကို အသုံးပြုနိုင်ကြောင်း၊ ISO ၂၀၀ မှ ၆၄၀၀ အထိရှိပြီး Boostor တင်ရိုက်လျှင် ၁၀၀ မှ ၂၅၆၀၀ အထိ ရိုက်နိုင်ကြောင်း၊ LCD Screen Size 3" ရှိပြီး (920000 Pixel resolution) ဖြင့် Liveview ပါဝင်ကြောင်း၊ ၅၁ Point Autofocus system ဖြင့် ၉ fps (FX), ၉ fps (၅း၄), ၁၁ fps (DX) ထိ တစ်ဆက်တည်း ရိုက်နိုင်ကြောင်း သိရှိရသည်။

Special Style Photo & Electronics မှ ဝယ်ယူသော ကင်မရာများအတွက် တစ်နှစ်အာမခံဖြင့် ရောင်းချပေးနေပြီး Nikon DSLR ကင်မရာနှင့် အပျော်တမ်းရိုက် Coolpix Digital ကင်မရာများကို Special Style Photo & Electronics (အရောင်းပြခန်းနှင့် ဝန်ဆောင်မှုဌာန) အမှတ် (W-1) ဂျူးဖြူလမ်း အောင်ဆန်းကွင်း အနောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တွင် ဝယ်ယူရရှိနိုင်ပြီး ဆက်သွယ်ရန် ဖုန်း–၀၁–၃၈၆၉၃၅၊ ၂၅၂၉၅၃ တို့ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

Nikon D300 **နှင့်** D3 **ကင်မရာအသစ်များ မိတ်ဆက်ရှင်းလင်းပွဲတွင်** Special Style Photo & Electronics **မှ** Managing Director **ဦးမောင်မောင်ဝင်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲယှဉ်ပြိုင် အမျိုးသားကွာတားဖိုင်နယ်ပွဲများ ယနေ့ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၀၇ ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမတွင် ဆက်လက်ကျင်းပသည်။ ယနေ့ကျင်းပသော အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)က ပဲခူးတိုင်းကို သုံးပွဲ–ပွဲမရှိ၊ ရန်ကုန်တိုင်းက စစ်ကိုင်းတိုင်းကို သုံးပွဲ–ပွဲမရှိ၊ မန္တလေးတိုင်းက ဧရာဝတီတိုင်းကို သုံးပွဲ–ပွဲမရှိ၊အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်က ရခိုင်ပြည်နယ်ကို သုံးပွဲ–နှစ်ပွဲတို့ဖြင့် အနိုင်ရရှိကြသည်။

အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးစီးသွားပြီဖြစ်ရာ (က)အုပ်စုမှ မကွေးတိုင်းနှင့် မွန်ပြည်နယ်၊ (ခ)အုပ်စုမှ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့ အကြိုဗိုလ်လုပွဲသို့တက် ရောက်သွားကြသည်။ အမျိုးသားပြိုင်ပွဲ တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်းတို့ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားကြသည်။

အမျိုးသား ကွာတားဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၂၂ရက် နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

ပြည်သူ့ထံမှ ပေးစာ

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

သံပန်းသံတံခါးထုရိုက်သံ ပတ်ဝန်းကျင်ဆူညံ

စာတည်းရှင့်–

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်အရှေ့အေးလမ်းတွင် သံပန်းသံတံခါး လုပ်ငန်းတစ်ခု လုပ်ကိုင်လျက်ရှိရာ နေ့စဉ်ထုရိုက်သံကြောင့် ပတ်ဝန်းကျင်၌ နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ သံပန်းသံတံခါး ထုရိုက်သံများကင်းဝေးစေရေးအတွက် အဆိုပါလုပ်ငန်းကို လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူ

လိုင်စင်မဲ့ဂိမ်းဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၉–ရပ်ကွက် နှင်းပန်းလမ်းတွင် လိုင်စင်မဲ့ GAME ဆိုင်ဖွင့်လှစ်ထားရာ ဂိမ်းကစားသူများဖြင့် နေ့/ညများပြားနေပြီး လောင်းကစားခြင်း၊ မကြာခဏ ခိုက်ရန်ဖြစ်ပွားခြင်း၊ ညဉ့်နက် သန်းခေါင်ကျော်အထိ ဂီတာတီးကာ အော်ဟစ်နေခြင်းများကြောင့် ရပ်ကွက်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါဆိုင်အား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ဘတ်စ်ကားကြီးနှစ်စီး သင့်တော်ရာတွင် ရပ်နားစေချင်

စာတည်းခင်ဗျား–

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာ–၈ လမ်းကို ကိုယ့်အားကိုယ်ကိုးလမ်းခင်း၍ ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ လမ်းပေါ်တွင် လိုင်းကား ၄၃ နှင့် ၁၀၃ တို့ကို နေ့စဉ် မျက်နှာချင်းဆိုင်ရပ်ထားပြီး ပြုပြင်ရေးဆေးခြင်း၊ ညဉ့်အိပ်ရပ်နားခြင်းတို့ကြောင့် လမ်းနိမ့်ကျပျက်စီးပြီး ခရီးသွားများနှင့် အခြားယာဉ်များ ဝင်/ထွက်ရာတွင် အခက်အခဲတွေ့ကြရပါသည်။ သို့ဖြစ်ပါ၍ လမ်းမပျက်စီးစေရေးနှင့် သွားလာမှုလွယ်ကူစေရေးအတွက် အဆိုပါကားကြီးများ နေ့စဉ်ရပ်နားမှုကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ပုံနှိပ်စက်ကြောင့်အိပ်ရေးပျက်

စာတည်းရှင့်–

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် (၅၅)လမ်းထိပ်ရှိ ပုံနှိပ်စက်တစ်ခုသည် နေ့ည လည်ပတ်လုပ်ကိုင်နေပါသဖြင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကောင်းစွာအိပ်စက်၍ မရသောကြောင့် ကျန်းမာရေးထိခိုက်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိစစ်ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အိပ်မရသူ**

မိလ္လာကန်ပြည့်လျှံ အနံ့ဆိုးနံ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၄)ရပ်ကွက် ကမ်းနားလမ်း ၅၃ လမ်းနှင့် ၅၄လမ်းကြားရှိ တိုက်အမှတ်–၄၄၆၊ ၄၅၈ တိုက်ခန်းများမှ မိလ္လာကန်များမှာ ပြည့်လျှံ၍ အနံ့သက်ဆိုးများ ထွက်နေပါသဖြင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်နေရပါသည်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင် သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူ**

မီးတားမြေပေါ်မှ ကျူးကျော်ဆိုင် ရှင်းလင်းပေးပါ

စာတည်းရှင့်–

ဘိုကလေးမြို့ (၃)ရပ်ကွက် ဗိုလ်တေဇလမ်းရှိ အိမ်တစ်အိမ်သည် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးနှင့် ဗိုလ်တေဇလမ်းမကြီးတို့ကို ဆက်သွယ်ထားသော ကြားလမ်းမြေ (မီးတားမြေ)အား အုတ်ခင်း၊ အမိုးမိုး၍ လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ထားပြီး ညစဉ်ဘောလုံးပွဲပြသခြင်း၊ ဆူညံခြင်း၊ စားကြွင်းစားကျန်များ စည်းကမ်းမဲ့စွာ ပစ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ မီးတားမြေပေါ်မှ အဆိုပါ ကျူးကျော်ဆိုင်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဘိုကလေးသူ

ကျူးကျော်အိမ်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း ဒလမြို့နယ် မော်စက်ရပ်ကွက် ဝိဇ္ဇူရလမ်းဆုံနှင့် မင်းရဲကျော်သူလမ်းဆုံရှိ ကျူးကျော်တဲအိမ်များတွင် နေထိုင်သူများသည် လောင်းကစားခြင်း၊ သောက်စားမူးယစ်ပြီး ရန့်ရင်းကြမ်းတမ်းစွာ ပြုမူပြောဆိုနေခြင်းများကြောင့် အဆိုပါ ကျူးကျော်တဲအိမ်များကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ဒလသား**

ရေသုံးစွဲနိုင်ရေးဖြည့်ဆည်းပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၂)ရပ်ကွက်သည် အိမ်ထောင်စုဦးရေ ၂၀၀၀ ခန့် ရှိပါသော်လည်း ယခုချိန်တိုင်အောင် ရေ၊ မီး လုံးဝမရှိသေးပါ။ သောက်ရေတစ်စည် ကျပ် ၁၀၀၀ အထိ ဝယ်ယူသုံးနေရပါသည်။ သို့ပါ၍ ရပ်ကွက်ပြည်သူများ ရေ၊ မီးရရှိ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

၂၂ ရပ်ကွက်သား

လမ်းမီးလင်းရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁)ရပ်ကွက် ၃ လမ်းရှိ လမ်းမီးတိုင်များမှာ မီးလုံးများ ပျက်စီးနေပါသည်။ သို့ဖြစ်ပါ၍ လမ်းမီးလင်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးလင်းစေလိုသူ

အသားရေထိုး၊ အလေးချိန်မပြည့်ဆောင်ရွက်ပေးပြီး

၂၂–၉–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပျော်ဘွယ်မြို့နယ် ယင်းတော်ဈေးကြီးနှင့် ယင်းတော်ရွာမဈေးလေး၌ အမဲသားရောင်းသူများ **အသားရေထိုးအလေးချိန်မပြည့်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

စည်းကမ်းမဲ့အညစ်အကြေးစွန့်မှု ဆောင်ရွက်ပြီးစီး

၂၇–၁၀–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မြင်းမူမြို့ အမှတ်(၃)နယ်မြေမှ **စည်းကမ်းမဲ့အညစ်အကြေးစွန့်မှု တားဆီးပေးစေလို** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကုန်ကျစရိတ်နည်းနည်း၊ စွမ်းအင်နည်းနည်းဖြင့် အရည်အသွေးမြင့်ပစ္စည်းများ ထုတ်လုပ် ခေတ်ကာလနှင့် လိုက်လျောညီထွေသည့် နည်းပညာအသစ်များကို သိရှိအသုံးချရန် ကြိုးပမ်း

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး၏ Process and Product Show ဖွင့်ပွဲနှင့် စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်များနယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး၏ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် မျိုးဆက်သစ် မြန်မာလူငယ် အင်ဂျင်နီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ Process and Product Show ဖွင့်ပွဲကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံဥပစာရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်တို့က Process and Product Show ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻

ကြေးမုံ The Mirror
ယနေ့ သတင်း အညွှန်း

ဖွံ့ဖြိုးသာယာပြည်မြန်မာ ဓာတ်ပုံပြိုင်ပွဲဆုရ ဓာတ်ပုံပညာရှင်များအား ဆုချီးမြှင့် — စာမျက်နှာ-၃

မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်တို့မှ NLD ပါတီဝင် တစ်ရာကျော်နုတ်ထွက် — စာမျက်နှာ-၅

ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သူ အများဆုံး ၁၀ နိုင်ငံ — စာမျက်နှာ-၁၁

ယနေ့မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား